ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 February 2023 ၁၁၀၁၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့အခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# မြန်မာအမျိုးသားလေကြောင်းမှ မန္တလေး - ချင်းမိုင် - မန္တလေးခရီးစဉ်ကို ကြာသပတေးနေ့တိုင်း တိုက်ရိုက်ပျံသန်းပြေးဆွဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာအမျိုးသားလေကြောင်း(MNA)မှ မန္တလေး-ချင်းမိုင်-မန္တလေးခရီးစဉ်ကို လာမည့် မတ် ၂ ရက်မှစတင်ကာ အပတ်စဉ် ကြာသပတေးနေ့တိုင်း တိုက်ရိုက်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫




## ယနေ့ဖတ်စရာ

ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့လင်းစေသော ... စာမျက်နှာ » ၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ကြွရောက်လေ့လာ စာမျက်နှာ » ၈

ကရင်ပြည်နယ်အတွင်းမှ ဆေးဖက်ဝင်ပရဆေးသီးနှံများအား တန်ဖိုးမြှင့်ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက် စာမျက်နှာ » ၁၁

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှု ဇန်နဝါရီလအတွင်း သိသိသာသာမြင့်တက်ခဲ့ စာမျက်နှာ » ၁၃

# ပြည်သူများသက်ရှည်ကျန်းမာရေး ထက်မြက်သည့်ရလဒ်များထုတ်ဖော်

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိရာ အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း ရှစ်စောင်၊ ပိုစတာစာတမ်း ၃၄ စောင် စုစုပေါင်းစာတမ်း ၉၂ စောင် တင်သွင်းဖတ်ကြားလျက်ရှိပြီး တင်သွင်းသောစာတမ်းများကို စိစစ်ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကျင်းပနေသော ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံမှ ထူးချွန်သော ကျန်းမာရေးသုတေသီများမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူလူထုအကျိုးဖြစ်ထွန်းစေမည့် ထက်မြက်သည့် ကျန်းမာရေးရလဒ်ကောင်းများရရှိလာနိုင်မည်ဖြစ်သည်။ ညီလာခံ၏ အဓိကဦးတည်ချက်ခေါင်းစဉ်မှာ "တိရစ္ဆာန်မှတစ်ဆင့်ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့" ဟုဖြစ်ရာ မျက်မှောက်ကာလအခြေအနေများနှင့် ထင်ဟပ်နေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်ဆက်စပ်အကျိုးပြုမည်ဟု ယုံကြည်ပါသည်။

"ကျန်းမာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကိုရှေးရှုပြီး ပြည်သူတွေရဲ့ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေဖို့အတွက် အခြေခံကျန်းမာရေးကောင်းမွန်ရေးနဲ့ ကျန်းမာရေးနဲ့ ညီညွတ်စွာနေထိုင်စားသောက်ရေး၊ ရောဂါများကူးစက်ဖြစ်ပွားတတ်တဲ့ သဘောသဘာဝကို သိရှိကာကွယ်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ဆောင်ရွက်ပေးကြဖို့လိုပါတယ်။ ဒ့ါအပြင် တိုင်းရင်းဆေးပညာဆိုင်ရာသုတေသနတွေ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို သုတေသနကျင့်ဝတ်တွေနဲ့အညီ တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိရတဲ့အချက်တွေကိုလည်း အခုလိုညီလာခံတွေကျင်းပခြင်း၊ ပြည်တွင်း၊ ပြည်ပသုတေသနဂျာနယ်တွေ၊ စာစောင်တွေထုတ်ဝေခြင်းစတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးကြဖို့လည်း အလွန်အရေးကြီးပါတယ်" ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ညီလာခံသို့ ဂုဏ်ပြုစကားပေးပို့ပြောကြားခဲ့သည်။

ယနေ့ကာလတွင် ကိုဗစ်-၁၉ ရောဂါပိုး၊ သွေးလွန်တုပ်ကွေးကဲ့သို့ ဗိုင်းရပ်စ်ပိုးများ၊ မျိုးကွဲ၊ မျိုးရိုးဗီဇပြောင်းလဲမှုကြောင့် ရောဂါပြင်းထန်မှုများနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားမှုများကို ပြည်သူများ လက်တွေ့ရင်ဆိုင်နေကြရသည်။ ထိုသို့ ရောဂါအသွင်ပြောင်းလဲဖြစ်ပေါ်လာမှုများကို စဉ်ဆက်မပြတ် အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်လေ့လာရေးနှင့် ကာကွယ်ကုသရေးတို့အတွက် ဆေးပညာသုတေသနစွမ်းဆောင်ရည် တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်သည်။ တစ်ဆက်တည်းတွင် မကူးစက်တတ်သော ရောဂါများဖြစ်သည့် ကင်ဆာ၊ ဆီးချို၊ သွေးချို၊ သွေးတိုးစသည့်ရောဂါများနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးသုတေသနလုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုကျန်းမာရေးကို အလေးထားရှေးရှု၍ လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်းပေးနေပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အားပေးလျက်ရှိသည်။ နိုင်ငံတော်၏လူမှုရေးဦးတည်ချက်တွင် "နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး" နှင့် အမျိုးသားကျန်းမာရေးသုတေသနမူဝါဒတွင် "ကောင်းမွန်သောသုတေသနအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးခြင်းနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သောအခြေအနေဖန်တီးပေးခြင်းဖြင့် သင်ကြားရေးဆိုင်ရာဌာနများတွင် သုတေသနဆောင်ရွက်ရန်အားပေးရမည်"ဟူသည့် ဦးတည်ချက်နှင့်မူဝါဒများ အောင်မြင်အောင်ဆောင်ရွက်ရာတွင် ကျန်းမာရေးဆိုင်ရာသုတေသနစာတမ်းများသည် ထိရောက်သည့် အထောက်အပံ့ကောင်းများဟု ဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတိုင်း သက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာနေထိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးရည်မှန်းချက်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကဏ္ဍတွင် အရေးပါသည့် စွမ်းရည်ထက်မြက်သော သုတေသနရလဒ်ကောင်းများကို ထိရောက်စွာဖော်ထုတ်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲ အမယ်လေးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရန်တိုင်းအောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ကုလားပဲနှင့် ဆီတို့ ဆက်ကပ်လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ခရိုင်/မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကွတ်ခိုင်မြို့၌ လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ကွတ်ခိုင် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနက ပြုလုပ်သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချခြင်းကို ယမန်နေ့က ကွတ်ခိုင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနား စတင်ဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်လူမှုဝန်ထမ်းရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်စိန်က သင်ကြားပို့ချချက်များကို သင်ယူလေ့ကျင့်ပြီး မိမိတို့ နယ်ပယ်အသီးသီးတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လက်တွေ့ပြန်လည်အသုံးချနိုင်မည်ဖြစ်သည့်အတွက် များစွာအကျိုးရှိကြောင်း အဖွင့်အမှာစကားပြောကြား၍ သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များနှင့် ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းကြီး (၇)ရပ် စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းကို သင်တန်းကာလ ငါးရက် ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၂၆ | ၂၁၉,၅၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၀၀ | ၂,၄၂၇ | ၇,၅၈၅,၁၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၆၃ | ၄၇၂,၅၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၃,၈၃၇ | ၆,၅၇၅,၇၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၇ | ၁၈,၂၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁ | ၂,၇၀၀ |
| AMATA | ၅,၂၀၀ | ၄,၉၀၀ | ၈၂ | ၄၀၂,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၈.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၄၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၇၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၇၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၆၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၆.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၉.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၉.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၇၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုန်းကီးက (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ မိန့်ခွန်းပြောကြားပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်းဆွန်းထန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ(၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနားအတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၀ ကို ချင်းပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားပစ္စည်းများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မျိုးစေ့နှင့် ဓာတ်မြေဩဇာများကိုလည်းကောင်း ပြည်နယ်အစိုးရတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

**ဂုဏ်ထူးဆောင်ဆုများ ပေးအပ်**

ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူများနှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့နောက်ချင်းတိုင်းရင်းသား တိုင်းရင်းသူများက SAR LAM (အောင်ပွဲခံအက)၊ တီးတိန်ရိုးရာအကများဖြင့် ကပြဖျော်ဖြေပြီး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်းဆွန်းထန်က ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ချင်းပြည်နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် တိုးတက်ပြောင်းလဲမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများကို ထောက်ပံ့ပစ္စည်းများပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ဟားခါးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများကို တွေ့ဆုံပြီး ဆေးရုံသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဟားခါးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ဒေသခံပြည်သူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

☆ မြန်မာအမျိုးသားလေကြောင်းမှ

အဆိုပါ မြန်မာအမျိုးသားလေကြောင်း(MNA)မှ တိုက်ရိုက်ပျံသန်းပြေးဆွဲပေးသွားမည့်လေယာဉ်မှာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး ချင်းမိုင်လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၅ မိနစ်တွင်ရောက်ရှိမည်ဖြစ်ကာ ချင်းမိုင်လေဆိပ်မှ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၃၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၇ နာရီ ၂၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ဝယ်ယူနိုင်**

လေယာဉ်လက်မှတ်များအား အသွားတစ်ကြောင်းစာအတွက် အမေရိကန်ဒေါ်လာ ၁၇၂ ဒေါ်လာ ကျသင့်မည်ဖြစ်ပြီး အသွားအပြန်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၂၈၀ ဒေါ်လာကျသင့်မည်ဖြစ်ကြောင်းနှင့် လေယာဉ်လက်မှတ်များကို www.flymna.com တွင် Credit Card၊ Debit Card၊ MPU Card နှင့် 123 Service (Over the counter၊ Mobile Banking၊ i-Banking၊ Wallet) တို့ အသုံးပြု၍ဝယ်ယူနိုင်ကြောင်းလည်း သိရသည်။

မြန်မာအမျိုးသားလေကြောင်း(MNA)အနေဖြင့် ရန်ကုန်-ချင်းမိုင်-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်က စတင်ကာပျံသန်းပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ယခုအခါ မန္တလေး-ချင်းမိုင်-မန္တလေးခရီးစဉ်ကို တိုးချဲ့ပျံသန်းပြေးဆွဲပေးခြင်းလည်းဖြစ်သည်။ ခရီးသွားပြည်သူများအနေဖြင့် မိမိသွားရောက်မည့်နိုင်ငံမှ လိုအပ်သော အထောက်အထားများ၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တားမြစ်ကန့်သတ်ချက်များကို အတိအကျ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း မြန်မာအမျိုးသားလေကြောင်း(MNA)မှ အသိပေးထုတ်ပြန်ထားချက်အရ သိရသည်။

**သတင်း(ပွင့်သစ္စာ)၊ ဓာတ်ပုံ(စိုးမြင့်အောင်)**

## မော်လမြိုင်တက္ကသိုလ်၌ လှယဉ်ကျေးမယ်နှင့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မော်လမြိုင်တက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အနုပညာအသင်းက ကြီးမှူးကျင်းပသော လှယဉ်ကျေးမယ်နှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ အနုပညာအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြိုင်ပွဲအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ရာ မော်လမြိုင် တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများ၏ လှယဉ်ကျေးမယ်ပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။




## တွေ့ဆုံ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရွာချောင်းကျေးရွာသို့ရောက်ရှိပြီး ရွာချောင်းကျေးရွာ၊ ပတ္တာကျေးရွာနှင့် စည်တိုးအောင်ကျေးရွာတို့မှ သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများ၊ ဒေသခံပြည်သူများ၊ စပါးဝယ်ယူကြိတ်ခွဲရေးအစုအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကောင်းသစ်စံစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်း ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်တို့ရှိ စိုက်ဧကပေါင်း ၃၇၆၇ ဒသမ ဝ၈ ဧကတွင် သမဝါယမအသင်းပေါင်း ၂၅ သင်းမှ သမဝါယမအသင်းအဖွဲ့စနစ် ဖြင့် နွေစပါးများစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများတွင် သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်သူများလိုအပ်သည့် မျိုး၊ သွင်းအားစုများ၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများအား ဈေးနှုန်းသက်သာစွာဖြင့် အချိန်မီရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ စပါးပေါ်ချိန်တွင် ဒေသပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရောင်းချပြီးရရှိလာသည့် အကျိုးအမြတ်များအနက် နိုင်ငံတော်မှထုတ်ပေးထားသော သွင်းအားစုတန်ဖိုးများ ပြန်လည်ပေးသွင်းနိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ China EXIM Bank ချေးငွေများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေများ ပြန်လည်ပေးသွင်းနိုင်ရေးကို တောင်သူများက အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ တောင်သူများအတွက် နွေစပါးတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော သွင်းအားစုများ ပံ့ပိုးပေးပြီး ထွက်ရှိလာသောစပါးများအနက် သွင်းအားစုရယူထားသည့် တန်ဖိုးနှင့်ညီမျှသည့် နွေစပါးများကို အသင်းအမှုဆောင်များက စုစည်းကောက်ယူရေး ပြောကြားကာ တောင်သူများ၊ ဒေသခံပြည်သူများ၊ သမဝါယမအသင်းသားများ၊ စပါးဝယ်ယူကြိတ်ခွဲရေး အစုအဖွဲ့များနှင့် ဆန်စက်လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်များက နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ၊ တောင်သူများလိုအပ်သည့် မျိုး၊ သွင်းအားစု၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၂၈၅ ဦးရှိ လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာအုပ်စု တောင်သာကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မိသားစုဝင်ငွေတိုးပွားရေးတို့အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ တတ်နိုင်သမျှ စီမံကိန်းများချမှတ်ဆောင်ရွက်ပေးထားကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြားကျေးရွာများနည်းတူ ယခုကျေးရွာတွင်လည်း နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဆက်လက်ထိန်းသိမ်းကြရန်နှင့် အောင်မြင်ရေးအတွက် တောင်သူများကိုယ်တိုင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၁

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၂ ၌ ကျင်းပသည်။

အစည်းအဝေးကျင်းပရသည့် ရည်ရွယ်ချက်မှာ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့များ၏ တိုးတက်ဖြစ်ပေါ်မှု၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို စိစစ်သုံးသပ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး ခြောက်လအတွင်း ဆောင်ရွက်ချက်များမှာ ယခင်ထက် တိုးတက်မှုများရှိခဲ့ကြောင်း၊ အသိပေးအကြောင်းကြားစာများကို လုပ်ငန်းအဖွဲ့များအနေဖြင့် အချိန်မီပေးပို့နိုင်ခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဆက်လက်ကြိုးပမ်း၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောင်ရွက်ပြီးစီးမှုရာခိုင်နှုန်းကို ပိုမိုတိုးမြှင့်နိုင်ရေး အချို့သော Category များကို ပြောင်းရွှေ့ခြင်း၊ အကောင်အထည်ဖော်မည့်ရက် ရွှေ့တိုးသတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့်အလားအလာအား ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ နှစ်အလိုက်ဆောင်ရွက်မှု အခြေအနေများနှင့် အတွေ့အကြုံများကိုအခြေခံ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့များက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အပိုင်းအလိုက် (အာတီကယ်အလိုက်) ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပုံမှန်အားဖြင့် သတ်မှတ်အချိန်ဇယားအတိုင်း အသိပေးအကြောင်းကြားရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရာနှုန်းပြည့် ဆောင်ရွက်နိုင်သည့် အခြေအနေကိုတွေ့ရှိရကြောင်းနှင့် ဆက်လက်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအလိုက် ဆောလျင်စွာ ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အားစိုက်လုပ်ကိုင်သွားရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို အစီရင်ခံတင်ပြသည်။

ဆက်လက်၍ ကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ လေးဖွဲ့ဖြစ်သည့် ဆက်သွယ်ဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာရှိမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ စမ်းသပ်စစ်ဆေးမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Individual Agency Programme ဆိုင်ရာ လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများက လုပ်ငန်းအဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို အသေးစိတ်ရှင်းလင်းတင်ပြ ဆွေးနွေးသည်။ ယင်းနောက် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့က ခြောက်လအတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ဆွေးနွေးတင်ပြသည်။

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးတွင် ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်အတည်ပြုခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုချမှတ်သည်။ အစည်းအဝေးသို့ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာကျွမ်းကျင်မှုဆိုင်ရာသင်တန်းဖွင့်



ရမည်းသင်း ဖေဖော်ဝါရီ ၂၁

ရမည်းသင်းခရိုင်အတွင်းရှိမြို့နယ်များ လျှပ်စစ်ဓာတ်အားပြည့်ဝစွာဖြန့်ဖြူးနိုင်ရေး လျှပ်စစ်အင်ဂျင်နီယာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ခရိုင်လျှပ်စစ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ရမည်းသင်း၊ ပျော်ဘွယ်၊ ရန်အောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ သင်တန်းသား ၃၂ ဦး တက်ရောက်ပြီး သင်တန်းသားများကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ဇော်မြင့်က ထရန်စဖော်မာပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လက်တွေ့စာတွေ့ ရက်သတ္တတစ်ပတ်ကြာသင်ကြားပြသမည်ဖြစ်ကြောင်း သိရသည်။

၁၁၄

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် စပိန်နိုင်ငံ မဒရစ်မြို့၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၄ ရက်အထိ ကျင်းပမည့် World Federation of Engineering Organizations Executive Committee Meeting, Madrid Conference and World Engineering Day 2023 Ceremony များသို့ တက်ရောက်မည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ် ဦးဆောင်သော မြန်မာအင်ဂျင်နီယာကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဦးဆောင်သော မြန်မာအင်ဂျင်နီယာကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံစဉ် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်ကျော်မြတ်က သွားရောက်မည့် ခရီးစဉ်၊ ပါဝင်တက်ရောက်မည့် အစည်းအဝေးအစီအစဉ်များနှင့် ညီလာခံဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

## လက်ခံဆောင်ရွက်ပေးနေ

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး(UNESCO)၏ အင်ဂျင်နီယာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် (WFEO)တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက နိုင်ငံအဆင့်ကိုယ်စားပြုပါဝင်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ ကော်မတီတစ်ခုဖြစ်သော အင်ဂျင်နီယာပညာရေးကော်မတီ အတွင်းရေးမှူးအဖွဲ့ကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အိမ်ရှင်အဖွဲ့အစည်းအဖြစ် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာဒေသများနှင့် အသုံးပြုနိုင်မည့် သံနှင့်သံမဏိထုတ်လုပ်သည့်နည်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲကို အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာဒေသများနှင့် အသုံးပြုနိုင်သည့် သံနှင့် သံမဏိထုတ်လုပ်သည့် နည်းစဉ်များနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သံနှင့် သံမဏိထုတ်လုပ်မှုလုပ်ငန်းတွင် နိုင်ငံပိုင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်ရုံ တစ်ရုံ၊ စက်မှုဝန်ကြီးဌာနတွင် စက်ရုံနှစ်ရုံ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတွင် စက်ရုံသုံးရုံနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက သံရည်ကျိုလုပ်ငန်းပေါင်း ၃၆၂ ခုဖြင့် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ သံနှင့်သံမဏိ လိုအပ်ချက်သည် နှစ်စဉ်တန်ချိန် ၂ ဒသမ ၅ သန်းမှ သုံးသန်းခန့်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုသည် တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် လိုအပ်သော တန်ချိန်နှစ်သန်းခန့်ကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရ၍ နိုင်ငံခြားငွေ တစ်ဘီလီယံကျော်ခန့် သုံးစွဲနေရကြောင်း၊ နိုင်ငံအတွင်း၌ သံပါဝင်မှုမြင့်မားသည့် သတ္တုသိုက်များ များစွာရှိ၍ သံနှင့် သံမဏိများကို ပြည်တွင်းဖူလုံအောင် ထုတ်လုပ်နိုင်ရေး ကြိုးစားရမည်ဖြစ်ကြောင်း၊ သို့မှသာ သံနှင့် သံမဏိ ထုတ်လုပ်သည့် နည်းပညာများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သံနှင့် သံမဏိ ထုတ်လုပ်သည့် လုပ်ငန်းများသည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် များစွာနောက်ကျလျက်ရှိကြောင်း၊ သံ၊ သံမဏိနှင့်ပတ်သက်သည့် မူဝါဒများ ရေးဆွဲပြဋ္ဌာန်းမှသာ ပြည်တွင်း၌ ထုတ်လုပ်သည့် သံနှင့်သံမဏိများ၊ ပြည်ပမှတင်သွင်းလာသည့် သံနှင့်သံမဏိများအား အရည်အသွေးစစ်ဆေးကြီးကြပ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ သံထွက်ရှိရာဒေသများ၊ သံသတ္တုရိုင်းအတွင်း သံပါဝင်မှုအပေါ်မူတည်၍ အသုံးပြုနိုင်သည့်နည်းစဉ်များ၊ လိုအပ်သည့်ဆက်စပ် စက်မှုကုန်ကြမ်းတွင်းထွက်များ ရရှိနိုင်မှုနှင့် စွမ်းအင်နှင့် လောင်စာ ပံ့ပိုးပေးနိုင်မှုအပေါ်မူတည်၍ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးကာ အကောင်းဆုံးနည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်မည့် Plan များ ရေးဆွဲသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မင်းအောင်က မြန်မာနိုင်ငံ၏ သံသတ္တုရိုင်းထွက်ရှိရာဒေသများနှင့် အသုံးပြုနိုင်သည့် သံနှင့် သံမဏိထုတ်လုပ်မှုနည်းစဉ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးရာ တက်ရောက်လာသူများက အသီးသီးဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

စစ်တွေ ဖေဖော်ဝါရီ ၂၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက သံတွဲမြို့နယ်နှင့်တောင်ကုတ်မြို့နယ် အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုအားပေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့နယ် ရွှေလေ့ကျေးရွာအုပ်စု မန်ကျည်းချောင် ကျေးရွာ၌ တောင်သူ ဒေါ်တင်မေ၏ မြေပဲမျိုးစေ့ထုတ်စိုက်ခင်း ငါးဧကဖြစ်ထွန်းအောင်မြင်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သံတွဲမြို့နယ်အတွင်း မိုးသီးနှံနှင့် ဆောင်းသီးနှံ စိုက်ပျိုးမှုကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတောင်သူများအနေဖြင့် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာ၌ တောင်သူ သုံးဦး၏ နွေကြာစံပြကွက် ၁၀ ဧကနှင့် မြေပဲများ စိုက်ပျိုးအောင်မြင်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက တောင်ကုတ်မြို့နယ်အတွင်း မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးဆောင်ရွက်ခဲ့မှု၊ မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နွေကြာစံပြကွက်စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကင်းတောင်ကျေးရွာရှိ သိဒ္ဓိအောင် မြေပဲဆီကြိတ်စက်နှင့် ဆန်စက်တို့တွင် မြေပဲတောင့်များ သိုလှောင်ထားရှိမှု၊ မြေပဲဆီကြိတ်ထုတ်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မီးချောင်းထိုးကျေးရွာ မီးချောင်းထိုးကွင်း၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဇော်ဇော်မြင့်၏ ဥစားကြက်(CP) ၇၀၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်တက္ကသိုလ်မိုးလုံလေလုံဘက်စုံသုံးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ တက္ကသိုလ်မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်မြို့ ကိုင်းရှည်တံတား အကြီးစားပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုကိုရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်မြို့နယ်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။ တွေ့ဆုံပွဲတွင် တောင်ကုတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး မြို့မိ မြို့ဖများနှင့် MSME လုပ်ငန်းရှင်များက ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ စားရေရိက္ခာဖူလုံရေးအတွက် အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်နိုင်ရန်အတွက် ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးကို ယခင်ထက်ပိုမိုပြီး ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုခရီးစဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်ရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော တောင်ကုတ်မြို့နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထွက်ကုန်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့လင်းစေသော ...

ဘကြီးကောင်း



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၄)ကို ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာပင့်ဆောင်ပြီးစီးမှုကို တွေ့ရစဉ်။

မောင်မြင့်အေးရေ . . .

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ တည်ထားကိုးကွယ်ဖို့ ဆောင်ရွက်လျက်ရှိတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ဆင်းတုတော်ကို အပိုင်းလိုက် ရတနာပလ္လင်တော်ထက်ကို ပင့်ဆောင်ပူဇော်တဲ့ မဟာမင်္ဂလာမြင်ကွင်းတွေကို ဖူးမြင်ရတာ ဝမ်းမြောက်ကြည်နူးစရာဖြစ်ရသလို ထေရဝါဒဗုဒ္ဓဘာသာဦးဆောင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံတော်ကြီးအတွက်လည်း ဂုဏ်ယူစရာဖြစ်ရတယ်။

### မြတ်ဗုဒ္ဓရဲ့သာသနာ မြန်မာနိုင်ငံမှာ ထွန်းလင်းတောက်ပနေဆဲ

ထေရဝါဒဗုဒ္ဓဘာသာ ဦးဆောင်နိုင်ငံဆိုတဲ့ အသုံးအနှုန်းကို မောင်တို့လူငယ်တွေ ဂဃနဏနားရှင်းအောင်ပြောရရင် ခေတ်အဆက်ဆက် ဆရာတော် သံဃာတော်တွေ၊ သာသနာပြုမင်းတွေ၊ အလှူ့ဒါယကာ၊ ဒါယိကာမ မြန်မာပြည်သူတွေ ဆရာဒကာလက်တွဲပြီး လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့မှုကြောင့် မြတ်ဗုဒ္ဓရဲ့သာသနာဟာ မူရင်းအတိုင်း မြန်မာနိုင်ငံမှာ ထွန်းလင်းတောက်ပနေဆဲဖြစ်တယ်။ သီဟိုဠ်လို့ခေါ်တဲ့ သီရိလင်္ကာမှာ ပဋ္ဌာန်းကျမ်းအတော်များများ ကွယ်ပျောက်ခဲ့လို့ မြန်မာနိုင်ငံက အသက်ဆက်ပေးခဲ့ရတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာ တစ်ချိန်က အဘိဓမ္မာတရားတော်ကို အသုဘနာရေးတွေမှာပဲ ရွတ်ပွားတော့တဲ့ အခြေအနေအထိဖြစ်ခဲ့လို့ မြန်မာရဟန်းသံဃာတော်တွေက ပြန်လည်သင်ကြားသာသနာပြုပေးခဲ့ရတယ်လို့ နာယူမှတ်သားဖူးပါတယ်။

မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ကျော်မှစလို့ ယနေ့တိုင် ကမ္ဘာမှာ ဗုဒ္ဓသာသနာတော်ရဲ့ “နောက်ဆုံးခံတပ်မြို့တော်ကြီး”အဖြစ် ဘာကြောင့် အခိုင်အမာ ရပ်တည်နိုင်ခဲ့သလဲ။

ရှေးဘိုးဘွားတွေဟာ မြန်မာကို ကမ္ဘာကသိတာဟာ ဗုဒ္ဓဝါဒသာဖြစ်တယ်၊ မြန်မာလူမျိုးတို့ရဲ့ တိုးတက်မှုဟူသမျှဟာ ဗုဒ္ဓဝါဒမှာအခြေခံပြီး ဗုဒ္ဓသာသနာတော်ဆုတ်ယုတ်ခြင်းဟာ မြန်မာလူမျိုးတို့ရဲ့ ကျဆုံးခြင်းပဲလို့ ခံယူကာ သုဝဏ္ဏဘူမိမှ ပုဂံ၊ ပုဂံမှ ကုန်းဘောင်နှစ်ပေါင်းထောင်ချီတိုင် ထေရဝါဒသာသနာ့အလံကို အခက်အခဲမျိုးစုံကြားက ကြံ့ကြံ့ခံ သယ်ဆောင်ခဲ့ကြတယ်။

ဗြိတိသျှလက်အောက် သူ့ကျွန်ဘဝရောက်ခဲ့စဉ်မှာလည်း အမျိုးဘာသာ၊ သာသနာအတွက် ဆရာဒကာလက်တွဲပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာတော့ ဆဋ္ဌသင်္ဂါယနာတင်ခြင်းအပါအဝင် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို သန့်ရှင်း၊ တည်တံ့ပြန့်ပွားအောင် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့တာတို့ကြောင့်ပဲဖြစ်တယ်။

အဲဒီလိုကြိုးပမ်းခဲ့မှုကြောင့်လည်း အခြားထေရဝါဒနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် မြန်မာနိုင်ငံဟာ ပရိယတ်၊ ပဋိပတ်သာမက ပဋိဝေဓပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ သီဟိုဠ် သံဃိတိကာရကသံဃကိုယ်စားလှယ်ခေါင်းဆောင် အဂ္ဂမဟာပဏ္ဍိတ အာနန္ဒမေတ္တေယျဆရာတော်ကြီးကိုယ်တော်တိုင် “သင်သည်ဗုဒ္ဓဝါဒကို အမှန်တကယ် စိတ်ပါမြတ်နိုး၍ လက်တွေ့ကျကျအဟုတ်ကျင့်ကြံသည်ကို လေ့လာလိုပါလျှင် မြန်မာနိုင်ငံသို့ သွားပါ”လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

### ကမ္ဘာကို အလင်းဆောင်ပေးနိုင်ခဲ့

မြန်မာနိုင်ငံမှာမြတ်ဗုဒ္ဓရဲ့ သဒ္ဓမ္မသုံးဖြာသာသနာတော်ကြီး ယခုလို နေလိုလလို ထွန်းလင်းတောက်ပပြီး ကမ္ဘာကို အလင်းဆောင်ပေးနိုင်ခဲ့တဲ့နည်းတူ မြန်မာနိုင်ငံက ဘုရားကျောင်းကန်စေတီပုထိုးတွေဟာလည်း နှောင်းလူတို့အတွက် ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်တွေအဖြစ် ထင်ကျန်ရစ်စေခဲ့ပါတယ်။

ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသကလည်း ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် မြတ်ဘုရား ရွှေတိဂုံစေတီတော်မြတ် ရင်ပြင်တော်အောင်မြေဌာနအတွင်း ရွှေတိဂုံဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးပြီး စေတိယင်္ဂဏပရိယတ္တိဓမ္မနုဂ္ဂဟ စာမေးပွဲနှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပတဲ့ ဓမ္မပူဇာအထူးဓမ္မသဘင်မှာ “မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ရတနာများဆိုသည်မှာ ရွှေတိဂုံဘုရားကြီး၊ မြန်မာနိုင်ငံရဲ့ နံပါတ် -၁ ဂုဏ်ယူစရာ အကောင်းဆုံးတစ်ခုဖြစ်ပါတယ်။ နံပါတ်-၂ ကမ္ဘာမှာအကြီးဆုံးစာအုပ်လို့ခေါ်တဲ့ ပဉ္စမသင်္ဂါယနာကျောက်စာတော် ဖြစ်ပါတယ်။ နံပါတ်-၃ ဆဋ္ဌသင်္ဂါယနာတင် ဆဋ္ဌသံဂီတိ မဟာပါသာဏလိုဏ်ဂူတော်ကြီး ဖြစ်ပါတယ်။ နံပါတ်-၄ ကတော့ ထိုရုပ်ဝတ္ထုတွေနဲ့မတူ သင်ကြားပို့ချခြင်းဖြင့်သာလျှင် ရှင်သန်နိုင်တဲ့ ပါဠိစာပေနဲ့မြတ်ဗုဒ္ဓရဲ့ အဆုံးအမပိဋကတ်တော်တွေသာ ဖြစ်ပါတယ်” လို့ “မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာရတနာများ” ခေါင်းစဉ်နဲ့ ဟောဖော်ညွှန်ပြခဲ့ပါတယ်။

မြန်မာတစ်မျိုးသားလုံးအတွက် တစ်ခုတည်းသော၊ တစ်ဆူတည်းသော ရွှေတိဂုံစေတီတော်မြတ်ကြီးနဲ့ ပတ်သက်ပြီး ဆရာတော်ကြီးက “ဒီရွှေတိဂုံစေတီတော်မြတ်ကြီးဟာ မြန်မာလူမျိုးတွေ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းတဲ့ရတနာတစ်ပါးပဲလို့ အင်မတန်မှ ထင်ရှားတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဘယ်သူတွေ ပိုင်လိုက်ကြသလဲဆိုတော့ မြန်မာနိုင်ငံသားတွေ ပိုင်လိုက်ကြတယ်”လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

မြတ်ဗုဒ္ဓရဲ့အဆုံးအမ ပါဠိ၊ ပိဋကတ်စာပေတို့နဲ့ပတ်သက်ပြီးတော့လည်း “မြန်မာနိုင်ငံရဲ့ ပါဠိပိဋကတ်ကိုထိန်းသိမ်းပေးတဲ့ စာချနည်းနှစ်မျိုးရယ်၊ ဒီစာမေးပွဲကြီးတွေဟာ တိုင်းပြည်မှာအရေးအကြီးဆုံးဖြစ်လို့ ပါဠိနဲ့ပိဋကတ်စာပေဆိုတဲ့ ဒီရတနာဟာ မြန်မာလူမျိုးတွေ ရရှိပိုင်ဆိုင်ထားတဲ့ ကိုယ်ပိုင်ပစ္စည်းဖြစ်နေပါပြီ။ အခုလိုပါဠိဘာသာနဲ့ပိဋကတ်စာပေတွေပိုင်ဆိုင်ထားတာကို လူတိုင်းကဂုဏ်ယူတတ်ချင်မှ ဂုဏ်ယူတတ်မယ်။ တကယ်တော့ ဂုဏ်ယူစရာအကောင်းဆုံးက အဲဒါဖြစ်ပါတယ်”လို့ ဆရာတော်ကြီးက ဟောကြားတော်မူခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ “တစ်ခါတစ်ရံကျတော့ ဝေးလံတဲ့ဒေသမှာရှိတဲ့အရာတွေကို တန်ဖိုးလို့ထင်မှတ်နေတတ်တယ်။ ကိုယ့်အနားမှာ ရှိတဲ့အရာကို တန်ဖိုးလို့သိချင်မှသိတယ်။ ဘာကြောင့်လဲဆိုတော့ နေ့စဉ်မြင်တွေ့နေကြရတာဖြစ်လို့ တန်ဖိုးရှိတဲ့အရာပင်ဖြစ်ပေမယ့်လည်း ရိုးနေတာဖြစ်တဲ့အတွက်ကြောင့် တန်ဖိုးထားရမှန်းမသိ ဖြစ်နေတတ်တယ်ပေါ့” လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

### အလွန်တန်ဖိုးရှိတဲ့ ရတနာ

ထိန်းသိမ်းရခက်တဲ့ ပါဠိနဲ့ပိဋကတ်စာပေတွေ ရှင်သန်နေစေဖို့နဲ့ ပတ်သက်ပြီးတော့လည်း “လောကမှာ မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟာ အလွန်တန်ဖိုးရှိတဲ့ ရတနာတွေဖြစ်ပါတယ်။ အဲဒီရတနာတွေဟာ မြန်မာလူမျိုးတွေရဲ့ လက်ထဲမှာ ရှင်သန်နေတာဟာ ဂုဏ်ယူစရာအကောင်းဆုံး ရတနာတစ်ပါးဖြစ်ပါတယ်။

“ပါဠိနဲ့ ပိဋကတ်စာပေတွေ ရှင်သန်နေအောင် သင်ကြားခြင်း၊ ပို့ချခြင်းတွေကို ဆက်လက်ရှိနေအောင် တို့တစ်တွေကြိုးစားအားထုတ်ကြရမှာဖြစ်တယ်။ ဒါတွေကို မပျက်ရအောင် ဆက်လက်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်တယ်။ သံဃာနဲ့ ဥပါသိကာ၊ သံဃာနဲ့ဥပါသိကာမ၊ ဆရာ ဒကာနှစ်ဦးလက်တွဲပြီးတော့ ရှင်သန်နေအောင် ပုံစံအမျိုးမျိုးနဲ့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ နှလုံးသားထဲရောက်သည်ထိအောင်၊ ဒီစာတွေ ကျမ်းအိပ်မဖြစ်အောင် အမြဲတမ်းနှိုးပြီးတော့ သင်ယူပို့ချခြင်းဖြင့် လက်ဆင့်ကမ်းနေကြရမှာဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ✻

> **ပါမောက္ခချုပ်ဆရာတော်ကြီးက “မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာရတနာများဆိုသည်မှာ ရွှေတိဂုံဘုရားကြီး၊ မြန်မာနိုင်ငံရဲ့ နံပါတ် -၁ ဂုဏ်ယူစရာအကောင်းဆုံးတစ်ခုဖြစ်ပါတယ်။ နံပါတ်-၂ ကမ္ဘာမှာအကြီးဆုံးစာအုပ်လို့ခေါ်တဲ့ ပဉ္စမသင်္ဂါယနာကျောက်စာတော်ဖြစ်ပါတယ်။ နံပါတ်-၃ ဆဋ္ဌသင်္ဂါယနာတင် ဆဋ္ဌသံဂီတိ မဟာပါသာဏလိုဏ်ဂူတော်ကြီးဖြစ်ပါတယ်။ နံပါတ်-၄ ကတော့ ထိုရုပ်ဝတ္ထုတွေနဲ့မတူ သင်ကြားပို့ချခြင်းဖြင့်သာလျှင် ရှင်သန်နိုင်တဲ့ ပါဠိစာပေနဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမပိဋကတ်တော်တွေသာဖြစ်ပါတယ်” လို့ “မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာရတနာများ” ခေါင်းစဉ်နဲ့ ဟောဖော်ညွှန်ပြခဲ့**

✳ စာမျက်နှာ ၆ မှ

"အဲဒီလိုမလုပ်ဘဲနဲ့ စာပေကျမ်းဂန်ပါဠိ၊ ပိဋကတ်စာပေတွေကိုကျောခိုင်းမယ်ဆိုလို့ရှိရင်တော့ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု အော်ချင်တိုင်းအော် ဘယ်တော့မှ စိရံတိဋ္ဌတုဖြစ်မှာ မဟုတ်ဘူး။ အကယ်၍ ထိန်းသိမ်းစောင့်ရှောက်မှုမတတ်နိုင်ဘူးဆိုလို့ရှိရင် မြတ်စွာဘုရားရဲ့ အဆုံးအမတရားတွေဟာ မြန်မာနိုင်ငံကမှ မထိန်းရင် ထိန်းမယ့်နိုင်ငံမရှိဘူးလို့ ပြောရမယ်။ ဒီထက်လျော့တဲ့၊ ပျော့ညံ့တဲ့နိုင်ငံတွေသာဖြစ်တယ်" လို့ ဟောဖော်ညွှန်ပြတော်မူခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ပါမောက္ခချုပ် ဆရာတော်ကြီးက "မြန်မာနိုင်ငံမှာ ဂုဏ်ယူစရာ ရတနာတွေ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမှာကတော့ မြန်မာလူမျိုးတွေရဲ့၊ ဗုဒ္ဓဘာသာဝင်တွေရဲ့တာဝန်ပဲဖြစ်ပါတယ်"လို့ ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူခဲ့ပါတယ်။

**မော်ကွန်းရေးထိုးခဲ့**

တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသကလည်း "အနာဂတ်သာသနာရေး" စာအုပ်မှာ "ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကောင်းစွာကြိုတင်၊ မပြုပြင်သော်၊ အမြင် မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့်၊ ဘာသာဝါဒ၊ ဟူသမျှတို့၊ စစကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်။

ထွတ်ဘုန်းသာသနာ၊ မှိန်သောခါဝယ်၊ ထွေရာကောင်းနိုး၊ ဝါဒမျိုးဖြင့်၊ အကျိုးမတဲ့၊ ဖြစ်ပျက်ခဲ့မူ၊ တကဲ့တိုင်းကြီး၊ ပြည်အနီး၌၊ တိုင်းထီးပြည်နယ်၊ မျက်နှာငယ်လိမ့်။

သို့နှယ်ကြောင်းရာ၊ စုပေါင်းကာဖြင့်၊ ကောင်းစွာမျှော်ညို၊ ဆင်ခြင်မိ၍၊ ဒို့၏နယ်မြေ၊ ဒို့အမွေနှင့်၊ ဒို့မေဘာသာ၊ သာသနာကို၊ ဒို့သာကြွံ့ကြွံ့၊ စောင့်ရှောက်အံ့ဟု၊ ခံ့ခံ့မားမတ်၊ စိတ်ထားမြတ်ဖြင့်၊ နာဂတ်သာသနာ၊ ရေးအရာကို၊ တွေးတောသိုက်မြိုက်၊ ရေးသားလိုက်၏။

သိထိုက်သိရာ၊ သိပြီးခါဝယ်၊ စဉ်လာထင်မြင်၊ ပြင်ကာဆင်လျက်၊ စည်ပင်သာယာ၊ သာသနာနှင့်၊ မြန်မာပြည်ထောင်၊ တိုးတက်အောင်လျှင်၊ ခေါင်းဆောင်ရှေ့သွား၊ ရှင်လူများတို့၊ ခွဲခြားမေတ္တာ၊ မထားပါဘဲ၊ များစွာခိုသင်း၊ ငုံးခပင်းတို့၊ မကြွင်းကိုယ်စီ၊ ပိုက်ကိုချီသို့၊ ညီညီကြိုးကုတ်၊ အားသွန်ထုတ်က၊ ဗုဒ္ဓသာသနာ၊ ပြည်မြန်မာသည်၊ ကမ္ဘာထုတ်ချင်း၊ ထွင်းလိမ့်သော်" ဆိုတဲ့ မော်ကွန်းကိုရေးထိုးခဲ့ပါတယ်။

မောင်မြင့်အေးရေ ...

**မြန်မာလူမျိုးတွေအတွက် အံ့ချီးဂုဏ်ယူစရာတစ်ခု**

မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပရှိနေမှုကို ကမ္ဘာကို ပြသဖို့၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေဖို့၊ ရုပ်ပွားတော်မြတ်ကြီးကို ပြည်တွင်း၊ ပြည်ပဘုရားဖူးတွေ လာရောက်ပါက ဒေသတိုးတက်စည်ကားမှုဖြစ်စေဖို့၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်လေးရပ်နဲ့အညီ တည်ထားကိုးကွယ်ဖို့ဆောင်ရွက်နေတဲ့ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာလည်း ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တယ်ဆိုတော့ကာ မြန်မာလူမျိုးတွေအတွက် အံ့ချီးဂုဏ်ယူစရာ တစ်ခုလို့ပဲဆိုရမယ်။

"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့အတူ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ သာသနာရေးဆိုင်ရာအခမ်းအနားကြီးတွေ ကျင်းပပြုလုပ်နိုင်မယ့် သံဃာတော်အပါး ၁၂၀၀ နဲ့ လူပရိသတ်တွေဝင်ဆံ့နိုင်တဲ့ သာသနာ့ဗိမာန်တော်ကြီး၊ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာတွေကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်တွေပေါ်မှာ ခေတ်မီစက်ကိရိယာတွေအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့နဲ့ ကျောက်စာတော်တွေ ထုဆစ်ပူဇော်ထားရှိတဲ့ ကျောက်စာရုံစေတီတော်တွေ၊ ရေပန်းရင်ပြင်တော်တွေ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်တွေအပြင် အခြားသော သာသနိက အဆောက်အအုံတွေကိုလည်း ထည့်သွင်းတည်ဆောက်နေတယ်လို့ သိရတယ်။

ယနေ့ကမ္ဘာတစ်ခွင်လုံးကို ထေရဝါဒသာသနာမျိုးဆက်ပြန့်ပွားပြီး ကမ္ဘာ့သူ ကမ္ဘာ့သားတိုင်းအား ချမ်းသာကိုယ်စီဝေငှဖို့ မြန်မာတို့ရဲ့သမိုင်းပေးတာဝန်၊ ဘဝပေးတာဝန် ကျေပွန်တယ်လို့ပဲ ဝမ်းမြောက်နုမော်သာခုခေါ်ရမယ်။

"ဘုန်းကံနည်းသူတို့သည် သာသနာတော်ကို အနည်းငယ်မျှပင် ချီးမြှောက်ခွင့်မရကြကုန်၊ ဘုန်းကံရှိသူတို့သာလျှင် ရနိုင်ကုန်၏၊ အဘယ်ကြောင့်ဆိုသော် သာသနာတော်သည်အတုမရှိ၊ ဘုန်းကံကြီးမားတော်မူသော ဘုရားရှင်၏ သာသနာတော်ဖြစ်သောကြောင့်ပေတည်း" ဆိုတဲ့ ပေါရာဏဂါထာတော်နဲ့အညီ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့လင်းစေဖို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ကိုယ်စီကိုယ်စီ နိုင်ရာဝန်ဖြင့် ချီးမြှောက်ကြပါစို့။ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု။ ။

**ကျမ်းကိုး**

**ဓမ္မာစရိယ ဦးဌေးလှိုင်၏ "သီဟိုဋ္ဌခေတ်စံတော်ဝင် အရိယာများ"**



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားစဉ်။

# ဆေကဝတီဗုဒ္ဓတက္ကသိုလ် ပထမအကြိမ် သင်ကြား/ စီမံဆရာများ၏ သုတေသနစာတမ်းဖတ်ပွဲ အောင်ပွဲပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဆေကဝတီ ဗုဒ္ဓတက္ကသိုလ် ပထမအကြိမ် သင်ကြား/ စီမံဆရာများ၏ သုတေသနစာတမ်းဖတ်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ဆေကဝတီဗုဒ္ဓတက္ကသိုလ် ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိ သီလရှင်စာသင်တိုက်ကြီး၌ ပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်ထံမှ သာရဏီယဩဝါဒကထာနာယူကြသည်။ ထို့နောက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်(ငြိမ်း) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာတော် ဒေါက်တာဘဒ္ဒန္တအာဒိစ္စံသဝံသက သုတေသနစာတမ်းများနှင့်စပ်လျဉ်း၍ သုံးသပ်မိန့်ကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အကောင်းဆုံး သုတေသနစာတမ်းရှင်ဆုများကို ချီးမြှင့်ဆက်ကပ်၍ သုတေသနစာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်ပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆေကဝတီ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဒေါ်ဆေကဝတီက ကျေးဇူးတင်စကား လျှောက်ထားသည်။

**နေ့ဆွမ်းဆက်ကပ်**

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အလုံမြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း အများပြည်သူ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး၊ ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေးနှင့် မီးအားပြည့်ဝစွာ အသုံးပြုနိုင်ရေးတို့အတွက် 6.6kV ဟုံဟိုင်းအောင်ဇေယျ၊ 6.6kV ဟုံဟိုင်းအေးရှားဝေါ ကောင်းကင်ဓာတ်အားလိုင်း၏ အောက်ကြည့်မြင်တိုင်လမ်း ကမ်းနားလမ်းတစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနများမှ ဝန်ထမ်းများက အမှိုက်သိမ်းယာဉ်လေးစီးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်(လျှပ်စစ်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် တတိယအကြိမ် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ်များ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ပေးအပ်လှူဒါန်းခြင်းအခမ်းအနား တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော်ကောင်စီကကြီးမှူး၍နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီးတို့ အမှူးပြုသော မိတ်ဆွေသင်္ဂဟများက လှူဒါန်းသည့် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်အဆူ ၄၃၂၀ တို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ မဟာထေရ်မြတ်အမှူးပြုသော ဆရာတော်ကြီးကိုးပါးတို့ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး အမှူးပြုသော နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်ကြီးကိုးပါးတို့က ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ်အဆူ ၄၃၂၀ တို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ထို့နောက် သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်သံဃာတော်များရွတ်ဖတ်ပူဇော်အပ်သော မေတ္တသုတ်ပရိတ်တရားတော်မြတ်များကို နာယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် အလှူရှင်များက ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့်ပရိသတ်များက နေပြည်တော်တိုင်း သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်၊ နေပြည်တော် ပျဉ်းမနားမြို့နယ် သရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရမထေရ်မြတ်ကြီးထံမှ အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီးအမှူးပြုသော အလှူရှင်များက နေပြည်တော်ကောင်စီရုံးရှိဝန်ထမ်းများ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီရုံးဝန်ထမ်းများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ စစ်မှုထမ်းများ၊ နေပြည်တော်စည်ပင်သာယာ ဖွံ့ဖြိုးရေးဘဏ်ရှိ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများအတွက် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက လက်ခံရယူကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ လိုဏ်ဂူတော်အတွင်း၌ ပထမအကြိမ် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ် ၃၂၂၂ ဆူတို့အား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ် ၃၃၃၉ ဆူတို့အား ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင်လည်းကောင်း ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း အခမ်းအနားကို ကျင်းပပြီး လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ကြွရောက်လေ့လာ



ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးများ အမှူးပြုသောပညာရေးနှင့်ပြည်ပရေးရာအဖွဲ့ဆရာတော်ကြီးများသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ကြွရောက်တော်မူကြသည်။

ဦးစွာ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ကြိုဆိုနှုတ်ခွန်းဆက်စကားလျှောက်ထားပြီး ဒုတိယပါမောက္ခချုပ်(စီမံ)ဦးစိန်မော်က တက္ကသိုလ်တွင် ဆောင်ရွက်လျက်ရှိသော သင်ကြားရေးရာကိစ္စရပ်များ၊ သင်တန်းသားများ၏ နေထိုင်စားသောက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ powerpoint ဖြင့် ရှင်းလင်းလျှောက်ထားကာ ဆရာတော်ကြီးများအား သင်္ကန်း၊ နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးများ အမှူးပြုသော ပညာရေးနှင့်ပြည်ပရေးရာအဖွဲ့ ဆရာတော်ကြီးများက တက္ကသိုလ်အတွင်းကြွရောက်၍ ဘာဝနာမဟာသဘာတရားထိုင်ခန်းမ၊ တက္ကသိုလ်စာကြည့်တိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ လှူဒါန်းသော မြေနေရာနှင့် ပြင်ဆင်လျက်ရှိသော ပြည်ပသင်တန်းသူအိပ်ဆောင်များ၊ တက္ကသိုလ် ပင်မဆွမ်းစားဆောင်ကြီး၊ စာသင်ဆောင်များနှင့် စာသင်ခန်းမများအတွင်း သင်ကြားပို့ချပေးနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၁)ကြိမ်မြောက်မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

**ဖတ်ကြားတင်သွင်း**

ယနေ့နံနက်ပိုင်းတွင် အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနစာတမ်း စုစုပေါင်း ၂၂ စောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

ဒုတိယနေ့ နံနက်ပိုင်းသဘာပတိများအဖြစ် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ အေးအေးခင်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်း၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ စန်းစန်းငွေးတို့က ဆောင်ရွက်ကြပြီး ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအတွက် အရေးပါသော ကျန်းမာရေးပြဿနာဖြစ်သည့် တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီရောဂါဆိုင်ရာ သိကောင်းစရာများကို “မော်လီကျူးနည်းပညာ၏ လက်တွေ့ ဆေးပညာရပ်တွင်အရေးပါမှု -တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီတို့တွင် အဓိကထားဆွေးနွေးခြင်း (Myanmar–Korea Joint Symposium (2023): Clinical Significance of Molecular Techniques: A Focus on TB and Hepatitis B) ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲ ပြုလုပ်သည်။

**သဘာပတိများအဖြစ် ဆောင်ရွက်**

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံ Pusan National University မှ ပါမောက္ခ Jae Hun Cheong တို့က ဆောင်ရွက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Center မှ Chairman of the Board, Dr. Sun Dae Song က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre မှ Section Head Dr. Jeong Seok Lee က ပိုင်ရာဇီနမိုက်တီဘီဆေးယဉ်ပါးခြင်းကို ထောက်လှမ်းရှာဖွေခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသားမီိုငြမ်းပြုတီဘီခတ်ခွဲဌာနမှ အထူးကုဆရာဝန်ကြီး(အဏုဇီဝဗေဒ) ဒေါက်တာဝင့်ဝင့်ညွန့်က ဆေးယဉ်ပါးတီဘီကုသမှုတွင် ဓာတ်ခွဲခန်း၏ အခန်းကဏ္ဍနှင့် လက်ရှိ ဆေးယဉ်ပါးတီဘီရောဂါရှာဖွေခြင်းအဆင့်ဆင့်ကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Pusan National University မှ Prof. Jae Hun Cheong က အသည်းရောင်အသားဝါဘီပိုး၏ မျိုးဗီဇပြောင်းလဲမှုနှင့် အသည်းကင်ဆာဖြစ်ပွားခြင်းတို့ မော်လီကျူးဗေဒဆိုင်ရာ ဆက်စပ်မှုတို့ကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝါဝါအောင်က မျိုးဗီဇစိစစ်ခြင်း၏ ဆေးလက်တွေ့နယ်ပယ်တွင်အသုံးဝင်မှု လက်ရှိတွေ့ရှိချက်များနှင့် ရှေ့ဆောင်ရွက်မည့် အစီအစဉ်တို့ကိုလည်းကောင်း ဆွေးနွေးတင်ပြအသိပညာဖလှယ်ခဲ့ကြပြီး တက်ရောက်လာကြသော တီဘီရောဂါနှင့် အသည်းရောင်အသားဝါရောဂါ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် သုတေသီပညာရှင်များက ဝိုင်းဝန်းမေးမြန်း ဆွေးနွေးခဲ့ကြသည်။

ညီလာခံကို ဖေဖော်ဝါရီ ၂၄ ရက်ထိ ငါးရက်တာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တာချီလိတ်ခရိုင်ရှိ ဌာနဆိုင်ရာ၊ ရပ်မိရပ်ဖ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



တာချီလိတ် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၃ နာရီခွဲက တာချီလိတ်ခရိုင် မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ၊ ရပ်မိရပ်ဖ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ(ခရိုင်အုပ်ချုပ်ရေးမှူး) ဦးမြင့်နိုင်က ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့်ရပ်မိရပ်ဖ၊ ဒေသခံပြည်သူများက ဒေသ၏လိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး ဦးစိုင်းလိတ်က တင်ပြချက်များအပေါ် ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် ၂၀၂၂ ခုနှစ် လူမှုထူးချွန်တံဆိပ်(တတိယအဆင့်) ရရှိခဲ့သော စံလင်းဖြိုးကုမ္ပဏီဒါရိုက်တာ ဒေါ်ခင်ထွေးအား နိုင်ငံတော်အဆင့် လူမှုထူးချွန်တံဆိပ်(တတိယအဆင့်)နှင့် ဂုဏ်ပြုဆုငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တာချီလိတ်မြို့ မြို့ရှောင်လမ်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ပြီး စက်မှုဇုန်ရပ်ကွက်ရှိ မေထန်ချိတ် သွပ်အမိုးပြားစက်ရုံနှင့်ရွှေကောင်းကင်မွေးမြူရေးအစာစက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲက တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေး ကွင်းဆင်းကြည့်ရှုကြပြီး ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တဝိရောစနအား ကြည်ညိုဖူးမြော်သည်။ ဆက်လက်၍ တာချီလိတ် နဂါးနှစ်ကောင် ကျောင်းတိုက်သို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တာချီလိတ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကယားပြည်နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအကောင်အထည်ဖော်ရေး အစည်းအဝေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



လွိုင်ကော် ဖေဖော်ဝါရီ ၂၁

ကယားပြည်နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ပြည်နယ်ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး(၁/၂၀၂၃)နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကယားပြည်နယ်အတွက် မတည်ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွက် အမှန်တကယ် အကျိုးရှိပြီး ကျေးရွာလူထုကိုယ်တိုင် ပါဝင်သည့် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို လျာထား သတ်မှတ်ချက်များ ကျော်လွန်အောင် ဒေသနှင့် ကိုက်ညီသည့် နည်းလမ်းများဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနအသီးသီးက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏အဓိကလိုအပ်ချက်များကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနိုင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ပေးပြီး လုပ်ငန်းအောင်မြင်မှုအခြေအနေများကို လေ့လာဆန်းစစ်နေရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တတိယအကြိမ်ချေးငွေအဆိုပြုချက်များ အပေါ် စိစစ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းခဲ့စဉ် ပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများက စိစစ်ပြီး ပြန်လည်တင်ပြလာခြင်းများကို လည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)

## အောင်စည်ဟိန်းလို့အောင်ကိန်းတည်

(တေးထပ်)

❍ အောင်ဆုပန် အောင်ကြောင်းပြု
အောင်ကောင်းမှု အောင်စိတ်သန်
အောင်ပေါင်းစု အောင်ဓိဋ္ဌာန်
အောင်နိဗ္ဗာန် အောင်နန်း။
အောင်ဘိသိက် အောင်ပွဲစည်သည်
အောင်ဇွဲတည် အောင်ဓာတ်ဆင်မြန်း။

❍ အောင်စေမှု အောင်ဆုဆိုကာ
အောင်ကုသိုလ် အောင်ပန်း။

❍ အောင်အစုံ အောင်ပုံဆန်းလို့
အောင်ဂုဏ်လျှမ်း အောင်ပြီ။
အောင်မြေမှာ အောင်ကိန်းမွှေးတဲ့
အောင်ငြိမ်းအေး အောင်ကြောင်းအလီလီ။

❍ အောင်အတွေးနဲ့ အောင်ရေးချီမယ်
အောင်တေးသီ အောင်မင်္ဂလမ်းသို့
အောင်လက်ကမ်း အောင်ခရီးဆောင်
အောင်ပြီးတော့အောင်။

❍ အောင်နိမိတ်နဲ့ အောင်အတိတ်ဆောင်ကာ
အောင်ထိပ်ခေါင် အောင်ကိန်းတည့်လေး...။

❍ အောင်လံလွှင့် အောင်ပေါင်းဆုံသည်
အောင်ကြောင်းစုံ အောင်ပန်းဆင့်လေး.....။

❍ အောင်စွဲတဲ့ အောင်ပွဲသဘင်ရယ်
အောင်မြဲအစဉ်အောင်ဘုန်းပွင့်လေး......။ ။

ရေနံ့သာမောင်ကျော်ညွန့်

## တန့်ယန်းမြို့နယ် သမဝါယမအသင်းစုမှ အကျိုးတူ ပိုးမွေးမြူးရေးလုပ်ငန်း ဆောင်ရွက်

တောင်ကြီး ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်သမဝါယမအသင်းစုမှ မိုင်းကျိုင်အုပ်စု ကွန်နင်ကျေးရွာ၌ အသင်းသားပိုင်မြေဧက ၄၀ ပေါ်တွင် ပိုးဇာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူရေးလုပ်ငန်းကို အကျိုးတူ ဆောင်ရွက်လျက်ရှိရာ တစ်ကြိမ်လျှင် ရက်၂၀ ဖြင့် ပိုးကောင်ရေ ၂၄၀၀၀၀ ခန့် မွေးမြူနိုင်ပြီး တစ်နှစ်လျှင် ရှစ်ကြိမ်အထိ မွေးမြူလျက်ရှိသည်။ ရရှိလာသော ပိုးကောင်များကို ပိုးချည်မျှင်ထုတ်လုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


MINISTRY OF HEALTH

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့


# ကလေးမြို့၌ ဖောင်ဆိပ်ကုန်ထုတ်လမ်းဖွင့်လှစ်

ကလေး ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်သည့် ဖောင်ဆိပ်ကုန်ထုတ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကလေး-ကလေးဝ လမ်းမကြီးဘေး ဖောင်ဆိပ်လမ်းထိပ်တွင် ကျင်းပသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဖောင်ဆိပ်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ခိုင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းတို့က ဖောင်ဆိပ်ကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုန်ထုတ်လမ်း ခင်းကျင်းထားမှုများကို ကြည့်ရှုသည်။

အဆိုပါ ဖောင်ဆိပ်ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၂၈ ဒသမ ၈၁၆ သန်းဖြင့် ၂၀၂၂ ခုနှစ် ဇွန် ၂၀ ရက်မှစတင်၍ ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကုန်ထုတ်လမ်း တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး ကော်မတီနှင့် သိန်းဇော်စိုးစံကုမ္ပဏီတို့ပူးပေါင်းကာ အလျား တစ်မိုင်၊ အနံ ၁၂ ပေကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဖောင်ဆိပ်ကုန်ထုတ်လမ်း ခင်းကျင်းပြီးစီး



ပြီးဖြစ်သောကြောင့် တောင်သူများ၏ စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ပိုမို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ်အတွင်းရှိ “ကန်ပိုက်တီ” မြို့အား “ကံပိုင်တည်” မြို့အဖြစ် အမည်ပြောင်းလဲပြင်ဆင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ **“ကန်ပိုက်တီ”**မြို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၃) ဖြင့် **“ကံပိုင်တည်” မြို့အဖြစ်** အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။




ကန်ပိုက်တီမြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တရုတ်ဘာသာစကားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် **“ကန်းပိုင်တီ”၊ “ကန်း=ခြောက်သွေ့ခြင်း၊ ပိုင်=ပျက်စီးခြင်း၊ တီ=နေရာ”**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ **“ကံ=ကံကောင်းခြင်း၊ ပိုင်= ပြည်ထောင်စုက ပိုင်ဆိုင်ခြင်း၊ တည်=တည်ငြိမ်ခြင်း၊ တည်တံ့ခြင်း၊ တည်ရှိခြင်း”** ဟူသော ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသည့် **“ကံပိုင်တည်”**ဟူသောအမည်အား မြန်မာနိုင်ငံတစ်ဝန်း တစ်ပြေးညီ သုံးစွဲနိုင်စေရန် မြို့နေပြည်သူလူထုများ၊ မြို့မိမြို့ဖများ၏ သဘောထားများဖြင့် ကချင်အထူးဒေသ(၁) ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းက ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ သဘောထားထောက်ခံချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့မှုအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ကာ ယခုကဲ့သို့ အမည်ပြောင်းလဲပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

“ကံပိုင်တည်”မြို့သည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိသောကြောင့် မကြာမီကာလတွင် ပြည်ထောင်စု၏ ဖွံ့ဖြိုးတိုးတက်သော နယ်စပ်မြို့တစ်မြို့အဖြစ် မြင်တွေ့ကြရတော့မည်ဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ “ကန်ပိုက်တီ”မြို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ရပ်ကွက် သုံးရပ်ကွက်ဖြင့် ဖွဲ့စည်းခဲ့ပြီး မြို့တစ်မြို့၊ ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာ ၃၀ တို့ဖြင့် **ကန်ပိုက်တီမြို့နယ်ခွဲ**အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီဖြစ်စေရန် မြို့နယ်ခွဲစကားရပ်အားပယ်ဖျက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်၊ မေ ၂၂ ရက်တွင် “မြို့”အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် “ကန်ပိုက်တီမြို့”အဖြစ် တည်ရှိလာခဲ့သည်။

ကန်ပိုက်တီမြို့သည် ယခင်က ဝိုင်းမော်မြို့နယ် ဝေ့ချိုးကျေးရွာအုပ်စုအတွင်း ပါဝင်သော ကျေးရွာငယ်တစ်ခုဖြစ်ခဲ့ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၆၅၃၄ ပေတွင် တည်ရှိကာ မြို့ဧရိယာမှာ ၂၀၈ ဒသမ ၅၉ စတုရန်းမိုင် ကျယ်ဝန်းကြောင်း သိရသည်။

**သတင်းစဉ်**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၀၁၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၂၃,၁၃၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၇၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကရင်ပြည်နယ်အတွင်းမှ ဆေးဖက်ဝင်ပရဆေးသီးနှံများအား တန်ဖိုးမြှင့်ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးမှ ထွက်ရှိသော ဆေးဖက်ဝင်ပရဆေးသီးနှံများအား ခေတ်မီ စက်ကိရိယာ၊ နည်းပညာများဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ စက်မှုဇုန်အနီးရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး နည်းပညာဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ မြေဧရိယာ ဧက ၄၀ ခန့်ကျယ်ဝန်းသော စိုက်ပျိုးရေးနည်းပညာ ဥယျာဉ်အတွင်း ခရမ်းချဉ်၊ သခွားမွှေးကဲ့သို့သော ဈေးကွက်ဝင်သီးနှံလေးမျိုးကို Green House အမိုးအကာအောက်တွင် အစ္စရေးနည်းပညာ ရေအစက်ချနည်းဖြင့် Demonstration Farm စိုက်ခင်း ထူထောင်နိုင်ရေးဆောင်ရွက်ထားမှုကိုလည်းကောင်း၊ စိုက်ခင်းများအတွက် မြေဩဇာ



အဖြစ် ထည့်သွင်းအသုံးပြုနိုင် သော စပါးခွံမြေဆွေးပြုလုပ်ပုံအဆင့်ဆင့်၊ စပါးခွံမှ Biochar စပါးခွံမီးသွေး၊ စပါးခွံပေါင်းခံရည် ထုတ်လုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်အတွင်းရှိ ဆေးဖက်ဝင်ပရဆေးပင် ၁၀၅ မျိုးခန့်အား စုဆောင်းထားရှိသော ပရဆေးဥယျာဉ်အတွင်းရှိ ပရဆေးပင်တစ်မျိုးချင်းစီ၏ အမည်၊ အသုံးဝင်ပုံနှင့် ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေး၍ ဥယျာဉ်အတွင်း ပရဆေးပင်အမျိုးအစားနှင့်အရေအတွက် ယခုထက်ပိုမိုထားရှိ စိုက်ပျိုးနိုင်ရေးမှာကြားသည်။

ဆက်လက်၍ ဝဥနှင့်အခြားသီးနှံများ အခြောက်ခံစက်၊ ကြိတ်ခွဲစက်၊ ထုပ်ပိုးစက်၊ တစ်ရက်လျှင် ပိဿာချိန် ၄၀၀ ခန့် အခြောက်ခံနိုင်သော ဝဥ အခြောက်ခံစက်ကြီး၊ ဝဥ၊ ရဲယို အစရှိသော သီးနှံအပြားလှီးစက်တို့ကိုလည်းကောင်း၊ ဆေးဖက်ဝင်သီးနှံများတန်ဖိုးမြှင့်ထုတ်လုပ်ခန်းမှ အခြောက်ခံခန်း၊ အမှုန့်ကြိတ်ခန်း၊ ကြိတ်ခွဲထုပ်ပိုးခန်းနှင့် အရည်အသွေးစစ်ဆေးခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ယခုကဲ့သို့ ခေတ်မီစက်ကိရိယာများ၊ ဓာတ်ခွဲခန်းများကို အသုံးပြု၍ နေ့စဉ်ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို တွက်ချက်တင်ပြရန်၊ ကရင်ပြည်နယ်အတွင်းမှ ဆေးဖက်ဝင်ပရဆေးသီးနှံများအား တန်ဖိုးမြှင့်ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး တွန်းအားပေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး စိုက်ပျိုးရေးနည်းပညာဥယျာဉ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာမွမ်းမံသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာမွမ်းမံသင်တန်း အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းအိမ်ရာဝင်းအတွင်းရှိဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။



ထို့နောက် ဒုတိယမြို့တော်ဝန်က သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားသင်တန်းသူများ ကိုယ်စား သင်တန်းသား ခေါင်းဆောင်အားလည်းကောင်း၊ သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသည့် ဝန်ထမ်းများအား ထူးချွန်ဆုများ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက် အောင်မြင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကြက်ခြေနီ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း သင်တန်းဆင်းပွဲကျင်းပ

**လယ်ဝေး ဖေဖော်ဝါရီ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကြက်ခြေနီအသင်း(ခွဲ)နှင့် သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းကြက်ခြေနီအသင်းငယ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက သပြေပင် အထက မြတ်လေးဆောင်တွင် ပြုလုပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၅ ဦး တက်ရောက်ကြောင်း သိရသည်။ **ရွှေစင်အိ**

❖ ကျောဖုံးမှ

ယနေ့တွင် အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား သံပြားပစ်ပြိုင်ပွဲ၊ အမျိုးသမီးသံပြားပစ်ပြိုင်ပွဲနှင့် အမျိုးသားအမြင့်ခုန်ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မောင်ခန့်ဇင်ကိုကို (သဃ်န်းကျွန်း-EDC)က ပထမ၊ ခွန်ရန်နိုင်ထွန်း(တောင်ကြီး- EDC)က ဒုတိယ၊ စိုင်းသီဟစိုး(ဘားအံ-EDC)က တတိယရရှိကြပြီး အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် နန်းစုထွေး(စစ်ကိုင်း- EDC)က ပထမ၊ မခိုင်စံပါယ်ဦး(တောင်ကြီး-EDC)က ဒုတိယ၊ မအေးမြင့်ဦး(ဟားခါး-EDC)က တတိယရရှိကြသည်။

ထို့အတူ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် စောတူးတူးဘီ (ဘားအံ-EDC)က ပထမ၊ မောင်ကျော်မြတ်သူ(တောင်ကြီး-EDC)က ဒုတိယ၊ မောင်သန့်ဇင်ထွန်း (မိတ္ထီလာ-EDC)က တတိယရရှိကြပြီး အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် မဆုပြည့်ဦး (ထားဝယ်-EDC)က ပထမ၊ မဆုနန္ဒာအောင် (ဘားအံ-EDC)က ဒုတိယ၊ မဆုပိုပိုကျော် (ပုသိမ်-EDC)က တတိယရရှိကြသည်။

အလားတူ အမျိုးသား သံပြားပစ်ပြိုင်ပွဲတွင် မောင်ကျော်စွာဦး (ဘားအံ-EDC)က ပထမ၊ မောင်ပြည့်စုံဖြိုး (မိတ္ထီလာ-EDC)က ဒုတိယ၊ မောင်အောင်ကျော်ဇော (မြောင်းမြ-EDC)က တတိယရရှိကြပြီး အမျိုးသမီး သံပြားပစ်ပြိုင်ပွဲတွင် မသီသီဟန်(မကွေး-EDC)က ပထမ၊ မနန်းမွေဖောင်(လားရှိုး-EDC)က ဒုတိယ၊ မယွန်းစန္ဒီ (တောင်ကြီး-EDC)က တတိယရရှိကြသည်။

အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် မောင်ချမ်းသာလှိုင်(မုံရွာ-EDC)က ပထမ၊ မောင်ဂျွန်စော (မိတ္ထီလာ-EDC)က ဒုတိယ၊ မောင်နိုင်ဇင်လတ် (ရန်ကင်း-EDC)က တတိယရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က ဆုရရှိသည့် အားကစားမောင်မယ်များကို ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့အတူ ဒုတိယဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရှိတွင် ကျင်းပသည့် အမျိုးသားပိုက်ကျော်ခြင်း တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် မုံရွာပညာရေးဒီဂရီကောလိပ်အသင်းက မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိကာ တတိယရရှိပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်က တောင်ငူပညာရေးဒီဂရီကောလိပ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲ၍ ပထမဆုရရှိသည်။

ပြိုင်ပွဲအပြီးတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့က ဆုရရှိကြသည့် အသင်းများကို ဆုများချီးမြှင့်ပေးအပ်ကြသည်။

ညနေပိုင်းတွင် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ တတိယနေရာလုပွဲကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် မကွေးပညာရေးဒီဂရီကောလိပ်အသင်းက ပုသိမ်ပညာရေးဒီဂရီကောလိပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယရရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်ဇုန်အသင်းက ဒဂုံဇုန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပုသိမ်ဇုန်အသင်းက မြစ်ကြီးနားဇုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြောင်းနှင့် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲစဉ်ကို လည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ အုပ်စုပွဲစဉ်များကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ မြန်မာနိုင်ငံမှ

ရောဝတီဘဏ် အမှုဆောင်အရာရှိချုပ် ဦးမြင့်ဇော်က ပံ့ပိုးကူညီရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ်တို့ မိတ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပြီး အမှတ်တရလက်ဆောင်ပေးအပ်ကာ စုပေါင်းဓာတ်ပုံ ရိုက်ကူးကြသည်။

ရောဝတီဘဏ်အနေဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း၊ ဖူဆယ်လက်ရွေးစင်အသင်းနှင့် ဖူဆယ်ပြိုင်ပွဲများ၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်၊ နိုင်ငံတကာခြေစမ်းပွဲများ ကစားနိုင်ရန်၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်နိုင်ရန်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ အကယ်ဒမီကျောင်းများ လည်ပတ်ဆောင်ရွက်ရန်နှင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို မိတ်ဖက်ပံ့ပိုးကူညီသူ Partnership အဖြစ် တစ်နှစ်အတွက် ကျပ်သိန်း ၁၀၅၀၀ ပံ့ပိုးကူညီခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို Alpine သောက်ရေသန့်၊ RGK+ Z&A Group၊ Warrix အားကစားပစ္စည်း၊ PAN အားကစားဖိနပ်၊ နိုဗိုတယ်ရန်ကုန်မက်စ်တို့ကလည်း Co-Sponsors များအဖြစ် ပံ့ပိုးကူညီလျက်ရှိသည်။

ဆက်လက်၍ မြန်မာနေရှင်နယ်လိဂ်နှင့် AYA Pay တို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။ AYA Pay အနေဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ ကျင်းပနေသည့် ၂၀၂၄ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို Supporting Partner အဖြစ် ကျပ်သိန်းတစ်သောင်း ပံ့ပိုးကူညီခြင်းဖြစ်သည်။ ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် ကျင်းပနိုင်ရေးအတွက် AYA Pay နှင့်အတူ Host Broadcaster အဖြစ် SKY NET ရုပ်သံ၊ တရားဝင်မိတ်ဖက်များအဖြစ် Genius၊ 100 PLUS၊ AYA SYMPO၊ Warrix၊ ပူးတွဲစပွန်ဆာများအဖြစ် CP FIVE STAR၊ Fresh Air Con၊ Alpine၊ MAX Energy နှင့် MAX Cement တို့ကလည်း ပံ့ပိုးကူညီလျက်ရှိသည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - သော်ကြီး

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၈၅ | ၂၁၅၅ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၀ | ၂၈၁၀ |
| 95 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၅၅ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၄၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၃၅ | ၂၄၆၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၆ | ၂၁၁၀ |
| 95 Ron | ၂၁၁၂ | ၂၁၈၇ |
| HSD (500 ppm) | ၂၀၄၃ | ၂၁၁၃ |
| HSD (50 ppm) | ၂၁၁၆ | ၂၁၈၈ |
| HSD (10 ppm) | ၂၁၁၆ | ၂၁၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# Bank Account အတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မသမာသူများသည် လူပုဂ္ဂိုလ်အချို့၏ Bank Account များအတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူမှုများ ကျူးလွန်လျက်ရှိသဖြင့် လူပုဂ္ဂိုလ်အချို့ အနေဖြင့် ငွေကြေးဆုံးရှုံးနစ်နာမှုများ ဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ငွေကြေးလိမ်လည် လွှဲပြောင်းထုတ်ယူသူ ဒုစရိုက်သမားများကို သက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ် ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် ပူးပေါင်းကျူးလွန်သူ မြန်မာနိုင်ငံသား တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအနေဖြင့် နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည် လွှဲပြောင်းထုတ်ယူမှုများ ပြုလုပ်ရာတွင် ဇယား(၁)ပါ နည်းလမ်းများကို အသုံးပြု၍ လိမ်လည်ခံရမည့်သူကို ရှာဖွေပြီး လိမ်လည်ခံရမည့်သူနှင့် အဆက်အသွယ်ရရှိပါက ဇယား(၂)ပါ နည်းလမ်းများဖြင့် လိမ်လည်ခံရမည့်သူ၏ Bank Account နှင့် KBZ Pay Account တို့အတွင်းမှ ငွေများအား အဆင့်ဆင့် လွှဲပြောင်းထုတ်ယူကြခြင်း ဖြစ်သည်။

**စာမျက်နှာ ၁၅ သို့ ❍**

ဇယား(၁)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ပေါစံခေါ ကျေးရွာနေ ဇော်ထွေးအောင်(ခ)ပေါပေါသည် ၎င်းအသုံးပြုသည့် “Paw Paw” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ သက်ဝေဖြိုးသည် ၎င်းအသုံးပြုသည့် “Thet Wai” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၁၄ မှ

ဇယားများပါ လိမ်လည်မှု ကျူးလွန်ပုံ နည်းစနစ်များအရ အချို့သော လူပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ Email Account၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှု လွယ်ကူစေရန်အတွက် လူမှုကွန်ရက် Social Media များနှင့် Facebook တို့တွင် ဖော်ပြထားခြင်း၊ လိပ်စာကတ်များတွင် ဖော်ပြထားခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအနေဖြင့် Email Account များကို စောင့်ကြည့်ရယူပြီး ငွေများလိမ်လည်လွှဲပြောင်းထုတ်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိခြင်းဖြစ်ကြောင်းနှင့် လိမ်လည်မည့်သူများသည် KBZ Pay Account များအား မသိနားမလည်သူ အချို့ထံမှ ငွေကြေးအနည်းငယ်အသုံးပြု၍ ဝယ်ယူကာ အဆိုပါ Account များဖြင့် ငွေများလွှဲပြောင်းထုတ်ယူရာတွင် ကြားခံအဖြစ် အသုံးပြုကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မိမိတို့၏ Bank Account များအတွင်းမှ ငွေကြေးများအား မသမာသူ ဒုစရိုက်သမားများ၏ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လိမ်လည်လွှဲပြောင်းထုတ်ယူမှု မခံရစေရေး မိမိတို့၏ Email၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များအား လုံခြုံမှုရှိစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာလိုအပ်ချက်မှ တစ်ပါး Bank Account နှင့် KBZ Pay Account များ ဖွင့်လှစ်ရောင်းချခြင်း မပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်းသိရသည်။ **သတင်းစဉ်**

ဇယား(၂)

**ပစ်မှတ်ထံမှ OTP (One Time Password) ရအောင် တောင်းယူ၍ ငွေရယူမှုအဆင့်ဆင့်**




## ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း) “ကျီးရိုး”ရိုးချောင်းတံတားအမှတ်(၁/၁၀၅)ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း) မိုင်တိုင်အမှတ် ၁၀၄ မိုင်နှင့် ၁၀၄ မိုင် ၁ ဖာလုံကြားရှိ “ကျီးရိုး” ရိုးချောင်းတံတား အမှတ်(၁/၁၀၅)ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ခင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း) မိုင်တိုင်အမှတ် ၁၀၄ မိုင်နှင့် ၁၀၄ မိုင် ၁ ဖာလုံကြားရှိ “ကျီးရိုး” ရိုးချောင်းတံတားအမှတ်(၁/၁၀၅)ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် အလျား ၃၅ ပေ အနံ ပေ ၆၀ အမြင့် ၁၀ ပေ၊ ယာဉ်သွားကတ္တရာလမ်းအကျယ် ၄၈ ပေခန့်ရှိ သံကူကွန်ကရစ်တံတား၏ ဝဲ/ယာဘက်ရှိ လက်ရန်းနှစ်ခုမှစ၍ တံတားကြမ်းခင်းရှိ အနံ ငါးပေခန့်စီမှာ တံတားအလျားအတိုင်း ကွဲအက်ပြိုကျပျက်စီးခဲ့ပြီး တံတားထိပ်နှစ်ဖက်ရှိ ချဉ်းကပ်လမ်းအစပ်တစ်လျှောက် တစ်လက်မခန့်ကွာဟခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ပဲခူးတက္ကသိုလ်၌ လူငယ်စကားဝိုင်း ကျင်းပ



ပဲခူး ဖေဖော်ဝါရီ ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပဲခူးတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ပဲခူးတက္ကသိုလ်ရှိ စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာအေးအေးခိုင်က ကျောင်းသား ကျောင်းသူအချင်းချင်း ရင်းနှီးချစ်ခင်မှုများ တိုးပွားလာစေရန်နှင့် ယဉ်ကျေးလိမ္မာစွာ ပြောဆိုဆက်ဆံတတ်စေရန် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်နှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်တို့က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်း ဦးဆောင်ဆွေးနွေးသူများအဖြစ် ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုနှင့် ပဲခူးခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဝင်းတို့က ဆောင်ရွက်ခဲ့ကြပြီး "လူငယ်နှင့်စာဖတ်ခြင်း"၊ "လူငယ်နှင့်အားကစား"၊ "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"၊ "လူငယ်နှင့် စာရိတ္တ"၊ "လူငယ်နှင့်လူမှုမီဒီယာ"၊ "လူငယ်နှင့်မူးယစ်ဆေးဝါး" စသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူ ခြောက်ဦးက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ စုစုပေါင်း ဦးရေ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ကိုယ်ကာယကြံ့ခိုင်ရေးသင်တန်းဆင်းပွဲ ကျင်းပ




သန်လျင် ဖေဖော်ဝါရီ ၂၁

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၌ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် Zumba ကိုယ်ကာယကြံ့ခိုင်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ယင်းနောက် Zumba ပြိုင်ပွဲဝင် သင်တန်းသား သင်တန်းသူ အဖွဲ့လေးဖွဲ့ကို အကဲဖြတ်ဒိုင်၊ အဖွဲ့ဒိုင်ချုပ် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ညိုက ပြိုင်ပွဲဝင်စည်းမျဉ်း စည်းကမ်းများနှင့် အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်း ပြောကြားသည်။ ယင်းနောက် Zumba ပြိုင်ပွဲဝင် သင်တန်းသား သင်တန်းသူ အဖွဲ့ လေးဖွဲ့က အဖွဲ့လိုက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အေရိုးဗစ်အသင်းမှ မသဲစုက တစ်ကိုယ်တော်စွမ်းရည် သရုပ်ဖော်ပြသခဲ့သည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများအား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ညိုက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား အဖွဲ့ခေါင်းဆောင်များက လက်ခံရယူကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အဖွဲ့များအား ဆုများ ပေးအပ်ချီးမြှင့်ရာ နှစ်သိမ့်ဆုရရှိသည့် အဖွဲ့နှစ်ဖွဲ့အား ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဦးတင်သိန်းက လည်းကောင်း၊ ဒုတိယဆုနှင့် ပထမဆုရရှိသည့် အဖွဲ့များအား ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပါမောက္ခချုပ်က အကဲဖြတ်ဒိုင်အဖွဲ့၊ ဒိုင်ချုပ်နှင့် သင်တန်းနည်းပြ ဆရာမများ၊ တစ်ကိုယ်တော် စွမ်းရည် သရုပ်ဖော်ပြသခဲ့သည့် မသဲစုတို့အား ဂုဏ်ပြုကတ်နှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၀၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြော



ကော့သောင်း ဖေဖော်ဝါရီ ၂၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကော့သောင်းမြို့နယ် မဉ္ဇူသကခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာနန်းမြဟန်က ပင်လယ်ရေအောက် သက်ရှိသက်မဲ့ သယံဇာတများ၏ သဘာဝနှင့် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာ ဆောင်ရွက်သင့်သည့် အချက်များနှင့်ပတ်သက်ပြီး ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ သက်ဆိုင်ရာဌာနများဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့မှ တာဝန်ခံများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ခံများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါအသိပညာပေးဟောပြောပွဲကို မြန်မာ့ပင်လယ်အတွင်းရှိ သက်ရှိသက်မဲ့သယံဇာတများအပေါ် တန်ဖိုးထားတတ်စေရန်နှင့် ကာကွယ်ထိန်းသိမ်းတတ်စေရန်၊ နိုင်ငံတကာ ပင်လယ်ပြင်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ပုံများကို ဗဟုသုတရရှိစေရန်နှင့် အတုယူလိုက်နာတတ်စေရန်၊ ပင်လယ်ရေသတ္တဝါများ၊ သယံဇာတများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေဘဲ စီးပွားရှာနိုင်သည့် အခွင့်အလမ်းများအကြောင်းကို သိရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဟိုပုံးမြို့နယ် ဟိုနားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

ဟိုပုံး ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက စငေါ ကျေးရွာအုပ်စု ဟိုနားကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ဟိုနားကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးမြင့်ကြည်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဟိုနားကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိ ဆရာမဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၈ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ တတိယပတ်မှစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂



# သထုံမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်တစ်စီးကို မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးသေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် သထုံမြို့နယ်၌ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်တစ်စီးကို မိုင်းဆွဲတိုက်ခိုက်သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီခွဲတွင် မွန်ပြည်နယ် သထုံမြို့နယ် ကမာစိုင်ကျေးရွာ(ရွာသစ်)အနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၃၃ မိုင် ၆ ဖာလုံ)နှင့် (၇ ဖာလုံ)ကြား၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးနိုင်မင်းထွန်း(ခ) ဝက်ကလေး(၃၄)နှစ်သည် Toyota Hilux အဖြူရောင်ယာဉ်ဖြင့် အဆိုပါလမ်းအတိုင်း ဟင်းသီးဟင်းရွက်များ တင်ဆောင်မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်၏ ယာဘက်ခြမ်းနှင့် ရှေ့လေကာမှန်တို့ မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ဦးနိုင်မင်းထွန်း(ခ)ဝက်ကလေးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ခရီးသွားမော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်၍ အပြစ်မဲ့ပြည်သူတစ်ဦးကို သေဆုံးစေခဲ့သဖြင့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၀-၂-၂၀၂၃ ရက်မှအဆက်

[ ၁၀ ]

လပြည့်ဝန်း၏ အလင်းရောင်သည် ထန်းပင်များကြားဝယ် ထိန်ထိန်သာ လျက်ရှိလေသည်။

လေအဝှေ့တွင် တဲခေါင်းရင်းဘက်ရှိ တမာပင်မှ တမာပွင့်နံ့ကလေးသည် သင်းပျံ့၍လာသည်။

"ဗီးကွက် ဗီးကွက်"

ညဥ့်၏ တိတ်ဆိတ်နေခြင်းကို ညှာက်ဖြစ်သော ဗီးကွက်သံက ဖြိုခွင်းလိုက်လေသည်။

ဦးဖိုးခနှင့် ဒေါ်ဘုမတို့သည် တဲရှေ့ကွပ်ပျစ်ပေါ်တွင် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုယ်စီဖြင့် စကားပြောနေကြသည်။

"ကိုအေးရေ၊ လာပါဦးကွယ့်"

တဲအတွင်း ခေါင်းရင်းဘက်တစ်နေရာရှိ ခုတင်ပေါ်တွင် မီးခွက်တစ်ခွက်ဖြင့် စာကြည့်နေသော ကိုအေးဆွေသည် ဒေါ်ဘုမ၏ခေါ်လိုက်သံကြောင့် တဲရှေ့သို့ ထွက်လာသည်။

"သားကို အမေတို့ စကားတစ်ခု ပြောချင်သယ်"

ကိုအေးဆွေသည် မိဘလုပ်သူများက ဤသို့မိမိအား မခေါ်စဖူးခေါ်ပြီး အေးဆေးတည်ငြိမ်သော အသံ၊ လေးနက်သော အမူအရာဖြင့် စကားတစ်ခုပြောရန်အတွက် နိဒါန်းတွေ၊ ပလ္လင်တွေဖြင့် စလာခြင်းကြောင့် မည်သို့သော စကားများ ဖြစ်လေမည်နည်းဟု နားစွင့်နေမိသည်။

"ပြောပါအမေ၊ ကျွန်တော် နားထောင်နေပါတယ်"

"အမေလေ မနက်ကြီးက မင်းသူငယ်ချင်း မောင်လှကြည်မိဘများအိမ်က ပြန်လာသယ်"

"ဟုတ်တယ်လေ၊ ကျွန်တော့်ကိုပဲ အမေ့ကို ခဏလာလည်ပါဦးလို့ လှကြည်တို့အမေက မှာလိုက်တာပဲဟာ"

ကိုအေးဆွေသည် လှကြည်အိမ်သို့ ဝင်ထွက်သွားလာရင်း လှကြည်၏ မိဘများနှင့်ပါ ခင်မင်ရင်းနှီးနေသည်။ လှကြည်၏ မိဘများကလည်း ကိုအေးဆွေ၏ ဘဝ၊ ကိုအေးဆွေတို့၏ အိမ်ထောင်စု အကြောင်းကို အတော်အတန် သိရှိထားလေသည်။

"အဲသဟာ အဂ္ဂာကိစ္စကြောင့် မှာလိုက်တာပေါ့"

ကိုအေးဆွေမှာ ဒေါ်ဘုမ၏ စကားကြောင့် နားရှုပ်လာသည်။ ဦးဖိုးခကမူ ဘာမျှဝင်မပြောချေ။ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကိုသာ မီးများ ရဲခနဲ ရဲခနဲနေအောင် ဖွာရှိုက်နေသည်။




"ဘာလဲအမေ၊ ပြောပါ"

ကိုအေးဆွေက သိချင်ဇောဖြင့် မေးလိုက်သည်။

"ဒီလိုကွယ့် သားရဲ့၊ အနောက်ပြည်တော်သာကွက်သစ်လမ်းမ ပွဲစားတန်းက ပွဲစားကြီးဦးမြို့ဆိုတာ သိမှာပေါ့"

"ဟုတ်ပ၊ သိပါတယ်"

ပွဲစားကြီး ဦးမြို့အိမ်နှင့် လှကြည်မိဘများအိမ်သည် သုံးလေးအိမ်သာ ခြားသော အိမ်နီးချင်းများ ဖြစ်သည်။ ယင်းသို့ အိမ်နီးချင်းများဖြစ်၍လည်း ရင်းနှီးစွာဖြင့် နှစ်အိမ့်တစ်အိမ် ဝင်ထွက်သွားလာနေကြသည်။ ကိုအေးဆွေနှင့်ပင် ဦးမြို့မှာ မျက်မှန်းတန်းမိနေသည်။

"အဲသဟာပေါ့၊ ပွဲစားကြီး ဦးမြို့က မောင်လှကြည်မိဘများကို ပြောသတဲ့။ သားကို ရန်ကုန်က ဘီအေကျောင်းကြီးဆိုလား ဘာဆိုလား၊ အဲဒီကျောင်းကြီးကိုပို့ပြီး ကျောင်းထားပေးချင်သတဲ့"

ဆွေမတော်၊ မျိုးမစပ်သော လူတစ်ဦးက မိမိအား ကျောင်းထားပေးချင်သည်ဆိုသောစကားကို ကြားရသောအခါ ကိုအေးဆွေမှာ အလွန်ဝမ်းသာသွားမိ၏။ သို့သော် နက်နဲစွာတွေးတောရ၍ အကြောင်းကို ရှာမိ၏။

ဘာကြောင့်ငါ့ကို ကျောင်းထားပေးချင်ရသလဲ။ ဆွေလည်းမတော်၊ မျိုးလည်းမစပ်၊ ငါနှင့်လည်း သိပ်ပြီး ရင်းနှီးမှုမရှိပါဘဲလျက် ဘာ့ကြောင့် ငါ့ကို ကျောင်းထားပေးချင်ရသလဲ" သည်အမေးကို ထပ်ခါတလဲလဲ မိမိကိုယ်ကိုမိမိ မေးကာ အဖြေရှာနေမိ၏။ စဉ်းစား၍ အဖြေထွက်မလာနိုင်သည့်အခါ အမေတော့ အကြောင်းရင်းကို သိပေလိမ့်မည်ဟု အောက်မေ့မိကာ မေးလိုက်၏။

"နေပါဦး အမေရဲ့၊ သူတို့က ဘာကြောင့် ကျွန်တော့်ကို ကျောင်းထားပေးချင်ရတာလဲ။ သူတို့နဲ့ ဘာမှလည်း တော်စပ်တာမှ မဟုတ်ပဲဟာ။ ပြီးတော့ ကျွန်တော်တို့က ဆင်းရဲသား ထန်းသမားသားသမီးပဲဟာ"

"အေးလေ၊ သဟာကြောင့်ပေါ့"

"ဘာလဲ၊ အမေတို့ဟာက ကွေ့လည်ကြောင်ပတ်ကြီးနဲ့၊ ကျွန်တော် နည်းနည်းမှ နားမလည်ပါဘူး။ ရှင်းရှင်းပဲပြောစမ်းပါအမေရာ"

ကိုအေးဆွေမှာ ပို၍နားရှုပ်သွားသဖြင့် သူ့အမေအား ထပ်၍မေးလိုက်ပြန်၏။

ဤတွင်မှ တစ်ချိန်လုံးငြိမ်၍ဆေးလိပ်သောက်နေသော ဦးဖိုးခက ဝင်၍ –

"ကဲ ဘုမ၊ ရှင်းရှင်းပြောလိုက်စမ်း။ ငါ့သားက သူများနဲ့တူတာမျိုးမဟုတ်ဘူး။ ငါ့သားအကြောင်း ငါသာသိတယ်။ နောင်ခါကျ တို့စီမံတဲ့အတိုင်း ဖြစ်မလာရင် နင်ရောငါပါ မျက်နှာပျက်ကုန်ပြီး ခွေးလုံးလုံးဖြစ်မှာ။ ငါတို့သဘောကတော့ ငါ့သားဆန္ဒမယူဘဲ အတင်းအဓမ္မတော့ မလုပ်ပါဘူး။ မင်း သဘောတူတယ်ဆိုပါမှ လုပ်ကြမှာပါ။ ကဲ ဘုမ၊ ပြောလိုက်ကွာ"

ကိုအေးဆွေတွင်မူ ဦးဖိုးခပြောလိုက်သောစကားကြောင့် ပို၍ပင် နားထွေးသွားပြန်သည်။ ထိုကြောင့်လည်း ပြောတော့မည့်ဟန်ပြင်နေသော ဒေါ်ဘုမ၏စကားကိုသာ နားစိုက်နေမိသည်။

"ဒီလိုကွယ့်၊ ပွဲစားကြီး ဦးမြို့က မောင်လှကြည်မိဘများကို ပြောပြသတဲ့။ မင်းရဲ့ ညဏ်ကောင်းပုံတွေ၊ လိမ္မာပုံတွေကို သဘောကျပြီးတော့ ချစ်နေသတဲ့။ အဲသာ မင်းကို ဘီအေဆိုလား၊ ဘာဆိုလား၊ အဲသည့် ရန်ကုန်က ဘီအေကျောင်းကြီးကိုပို့ပြီး ပညာသင်ပေးမယ်တဲ့။ ကျောင်းက ထွက်လာတော့ သူ့သမီးနဲ့ လက်ထပ်ပေးစားမယ်တဲ့"

"အလို၊ မြတ်စွာဘုရား" ဟု ကိုအေးဆွေက စိတ်ထဲမှနေ၍ တလိုက်မိသည်။ ရင်ထဲမှာလည်း တုန်လှုပ်သွားသည်။ အသားကလည်း မည်းမည်း၊ မျက်နှာပေါက်ကလည်းကျဉ်းကျဉ်း ဖြစ်နေသည့်အထဲတွင် ထော်၍နေသော နှုတ်ခမ်း၌ ရဲနေအောင် နှုတ်ခမ်းနီဆေးဆိုးထားတတ်သည့် ရှစ်တန်းမှ ကျောင်းသူလေး ကြည်ကြည်မြအား မျက်စိထဲတွင် ကွက်ခနဲ မြင်မိသည်။

ထိုအခါ ကိုအေးဆွေသည် ပျံတန်တန် နန့်တန့်တန့် ဆိုရှယ်ကျလွန်းသော ကြည်ကြည်မြနှင့် သိက္ခာရှိ၍ ယဉ်စစလေးလှနေသော ခင်သန်းငွေးကို အလိုလိုနေရင်း စိတ်ထဲက နှိုင်းယှဉ်လာမိသည်။ ကြည်ကြည်မြအား မည်သို့ပင် စိတ်ဝင်စားကြည့်သော်လည်း ကိုအေးဆွေမှာ ဘယ်လိုမှ စိတ်ဝင်စား၍ မရသလို နှစ်သက်မြတ်နိုး၍လည်း မရပေ။ နောက်ပြီးတော့ မိမိဘဝ တိုးတက်ကြီးပွားရေးအတွက် ထဘီနားမှီ၍ ပညာသင်ရမည်ဆိုလျှင် လူကြား၍မှလည်းမတော်၊ မိမိအစွမ်းအစလည်း ညှဲ့ဖျင်းရာကျလှသည်။

"ဘယ်လိုလဲ သား၊ သဘောကျရဲ့မဟုတ်လား။ အမေတို့တော့ သားကောင်းစားဖို့အတွက် စီမံလာခဲ့သာပဲ"

တွေးမိတွေးရာ တွေးနေမိသော ကိုအေးဆွေမှာ ဒေါ်ဘုမ၏ မေးလိုက်သံကြောင့် ဆတ်ခနဲ ဖြစ်သွားသည်။

"ဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်အမေ"

"ဘာလို့လဲ ငါ့သားရဲ့၊ အမေတော့ သားကောင်းစားဖို့ဆိုပြီး တာဝန်ခံလာခဲ့သာပဲ။ အမေတို့ အနေနဲ့လည်း သားကို ကျောင်းဆက်မထားနိုင်တော့ဘူးဆိုသာ သားကို ဘာများ အထူးပြောစရာလိုသေးလို့လဲ။ ခုလို သားကို ကောင်းစားအောင် ပညာသင်ပေးမယ့် လူပေါ်လာတော့ ဘယ်လောက် ဝမ်းသာဖို့ကောင်းလဲ။ ပြီးတော့ သား ကျောင်းနေတုန်းမှာလည်း အမေတို့ကို သူတို့တတ်နိုင်သလောက် ကြည့်ရှုပါ့မယ်လို့ ပြောသယ်ကွယ့်။ ဒီထက်ကောင်းတဲ့လူ ဘယ်များ ရှိသေးလို့လဲ။ နောက်ပြီးတော့ နောင်ခါမှာ မင်းက လူချမ်းသာ သမက်ဖြစ်သလို တို့ကလည်း လူချမ်းသာ ပွဲစားကြီးနဲ့ ခမည်းခမက်"

"တော်စမ်းပါ အမေရယ်၊ ရှက်စရာကောင်းလိုက်တာ"

ဒေါ်ဘုမ၏ မစားရဝခမန်းပြောနေသော စကားများကို ကိုအေးဆွေက ခပ်ဆတ်ဆတ်လေသံဖြင့် ဖြတ်ချလိုက်သည်။

ကိုအေးဆွေ၏ ဟန့်တားချက်ကြောင့် ပြောတုန်း စကားတန်းလန်းကို ရပ်ထားလိုက်ရသော ဒေါ်ဘုမမှာ ရှိုးတိုးအမ်းတမ်းဖြင့် သားဖြစ်သူအား လှည့်ကြည့်လိုက်သည်။

သည်တော့မှ ဦးဖိုးခသည် လရောင်အောက်တွင် ထန်းတော မည်းမည်းအုပ်အုပ်များကို ငေး၍ မျှော်ကြည့်နေရာမှ ကိုအေးဆွေဘက်သို့ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်ပြီးလျှင် –

"သဟာဖြင့် ငါ့သားက သဘောမကျဘူးပေါ့" ဟု မေးလိုက်လေသည်။

"ဟုတ်တယ် အဖေ၊ ကျွန်တော် သဘောမကျဘူး။ အမေပြောသလို ကျွန်တော် ကောင်းစားမယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဒီလောက်လည်း လူစွမ်းလူစ မညံ့သေးပါဘူး။ ပြီးတော့ သူတို့သမီးနဲ့ ပေးစားပြီး ငွေဝယ်ကျွန်လိုလည်း ကျွန်တော် အဖြစ်မခံနိုင်ဘူး။ နောက်ပြီးတော့ သူတို့အသိုက်အဝန်းနဲ့ ကျွန်တော်နဲ့လည်း ကြာရှည်ကျ ဖြစ်မှာမဟုတ်ဘူး။ ကျွန်တော့်ကို သူတို့က ပညာသင်ပေးထားရတာပဲဆိုပြီး အမြဲတမ်း အပေါ်စီးနဲ့ ဆက်ဆံနေမှာပါ။ ဒါ ထားပါတော့လေ၊ ကျွန်တော်က ခံနိုင်စေဦးတော့၊ အမေတို့အတွက် နောင်ရေးကို စဉ်းစားပါ။ အခုသာ သူတို့ လိုလားချက်မပြည့်ခင် အမေတို့ကို လိုက်လျှောမှာ။ ကျွန်တော် ပညာတွေ ဘာတွေ တတ်မြောက်လာလို့ သူတို့သမီးနဲ့ မင်္ဂလာလည်းဆောင်ပြီးရော အမေတို့ကို အိမ်ရိပ်တောင်ဝင်ဖို့ ခွင့်ပေးမှာ မဟုတ်တော့ဘူး။ ဒီလိုဆိုရင် အမေတို့လည်း ရင်ကွဲမှာပဲ။ ကျွန်တော့်အဖို့လည်း တစ်ဖက်က မိဘ၊ တစ်ဖက်က မယား၊ သားသမီးရှိလာရင် သားသမီး သံယောဇဉ်ကြောင့် မပစ်နိုင် မကွာနိုင် တာကတစ်မျိုးနဲ့ အားလုံး စိတ်မကောင်းဖြစ်ကြရမှာ။ ဒီတော့ ကျွန်တော်က သဘောမတူဘူးလို့ အမေတို့ စကားပြန်လိုက်ပါ"

ကိုအေးဆွေက သူ့စကားကို ဖြတ်ထားသည်။ ဦးဖိုးခနှင့် ဒေါ်ဘုမတို့ကမူ သားဖြစ်သူ ကိုအေးဆွေပြောသွားသည့် စကားများကို စဉ်းစားရင်း ငေးနေကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"အမေပြောသလို ကျွန်တော်ကောင်းစားမယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ဒီလောက်လည်း လူစွမ်းလူစ မညံ့သေးပါဘူး။ ပြီးတော့ သူတို့သမီးနဲ့ပေးစားပြီး ငွေဝယ်ကျွန်လိုလည်း ကျွန်တော်အဖြစ်မခံနိုင်ဘူး။ နောက်ပြီးတော့ သူတို့အသိုက်အဝန်းနဲ့ ကျွန်တော်နဲ့လည်း ကြာရှည်ကျဖြစ်မှာမဟုတ်ဘူး။ ကျွန်တော့်ကို သူတို့က ပညာသင်ပေးထားရတာပဲဆိုပြီး အမြဲတမ်း အပေါ်စီးနဲ့ ဆက်ဆံနေမှာပါ။ ဒါထားပါတော့လေ၊ ကျွန်တော်က ခံနိုင်စေဦးတော့၊ အမေတို့အတွက် နောင်ရေးကိုစဉ်းစားပါ။ အခုသာ သူတို့လိုလားချက်မပြည့်ခင် အမေတို့ကို လိုက်လျှောမှာ။ ကျွန်တော် ပညာတွေ ဘာတွေတတ်မြောက်လာလို့ သူတို့သမီးနဲ့ မင်္ဂလာလည်းဆောင်ပြီးရော အမေတို့ကို အိမ်ရိပ်တောင်ဝင်ဖို့ ခွင့်ပေးမှာ မဟုတ်တော့ဘူး။"**

# အလှမ်းကျယ်ရင် အလယ်လပ်တတ်တယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

(ယခင်အပတ်မှအဆက်)

"ဗဟုသုတနဲ့ပတ်သက်လို့တော့ ရဟန္တာဖြစ်ကြတဲ့ပုဂ္ဂိုလ်မြတ်တိုင်းဟာ တရားဗဟုသုတတော့ ရှိခဲ့ကြတာချည်းပါပဲ၊ တစ်ခွန်း၊ တစ်ပါဒ၊ တစ်ဂါထာပဲဖြစ်ဖြစ်ပေါ့လေ၊ တရားကြောင်း သိခဲ့ကြတာချည်းပါပဲ၊ အနည်းဆုံး တရားထူးရခါနီးမှာ ဘုရားရှင်ဟောပေးတဲ့ စကားတော်က ဗဟုသုတပဲပေါ့"

"အခုခေတ်လိုပြောရင် စာပေက သပ်သပ်၊ လောက ပြောနေကြတဲ့ အသိဗဟုသုတက သပ်သပ်ပေါ့၊ ဒါပေမဲ့ ဘုရားရှင်လက်ထက်က စာပေလည်း၊ တရားစကားကလည်း ပါဠိဘာသာ မဂဓစာပေ၊ ဗဟုသုတကလည်း ပါဠိဘာသာ မဂဓစာပေပါပဲ၊ အတူတူပါပဲ၊ ဒီခေတ်နဲ့ မရောလိုက်ပါနဲ့"

"သြော်. . သဘောပေါက်လာပါပြီဘုရား၊ တရားရသွားသူတိုင်းဟာ တရားဗဟုသုတတော့ ရှိကြတာချည်းပါပဲ၊ ဘာသာစကားစာပေတွေက တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဗဟုသုတအသိကတော့ အတူတူပါပဲလို့ ဆိုလိုတာ မဟုတ်ပါလားဘုရား"

"ဟာ.. ဟုတ်တာပေါ့ဒကာကြီး၊ ဟုတ်တာပေါ့"

"ဒီလိုဆိုတော့လည်း ဗဟုသုတအသိမရှိဘဲ တရားရတယ်ဆိုတာ မရှိဘူးပေါ့ဘုရား"

"ဟုတ်တယ်လေ၊ ဆရာရှိ ဆရာထံက ဗဟုသုတအသိတရားအသိရပြီးမှသာ တရားရတာချည်းပါပဲ၊ ဒါကြောင့် ဆရာထံက ဗဟုသုတတရားအသိဆိုတဲ့ ပွဲနေပွဲထိုင်သွားတဲ့အခါ ဝတ်ရမယ့် ဝတ်ကောင်းစားလှလည်းလိုအပ်ပါတယ်၊ နောက်ပြီး ဒီဝတ်ကောင်းစားလှကိုပဲ အဆင်ပြေပြေဝတ်တတ်စားတတ်ရပါမယ်"

ဝတ်တာကတော့ လုံချည်က လုံချည်၊ အင်္ကျီက အင်္ကျီဝတ်ရုံနဲ့ မပြီးဘူးလားဘုရား"

"အင်း.. ပြီးပါတယ်၊ ဒါပေမဲ့ ထဘီလုံချည်ကို ဝတ်တယ်ဆိုကြပါစို့၊ လုံချည်အထက်ဆင့်ဘက်ကို အောက်ဘက်မှာထားပြီး ဇောက်ထိုးဝတ်နေမိရင် ပွဲနေပွဲထိုင်ဘယ်မှာတိုးတော့မလဲ"

"ဟာ.. ဒီလိုတော့ မဝတ်လောက်ပါဘူးဘုရား၊ သိလောက်ပါတယ်"

"အင်း. . ဗဟုသုတက အရေးကြီးတယ်နော်၊ ဗုဒ္ဓဘုရားရှင်က ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုနဲ့တော့ သစ္စာလေးပါးတရားကို ထိုးထွင်းမသိနိုင်ပါဘူး။ တကယ်စင်စစ်ကတော့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုနဲ့သာ သစ္စာလေးပါးတရားကို ထိုးထွင်းသိနိုင်ပါတယ်တဲ့၊ ဒီလိုအသိဗဟုသုတပေးခဲ့ပါတယ်"

"မှန်ပါဘုရား"

"အေး အဲဒါကို ကိုယ်ဆင်းရဲခံပြီး၊ လုပ်ယူပြီး အားထုတ်နေရင် ဗဟုသုတအသိမရှိ လုံချည်ကို ဇောက်ထိုးဝတ်နေတာပေါ့"

"သြော် အဲဒီလိုလားဘုရား"

"ဟုတ်ပါတယ်၊ ဒီသဘောတွေက ကျယ်ဝန်းတော့ အသေးစိတ်ကို နောင်ကျမှ ရှင်းပြပါမယ်၊ ဝိပဿနာ စိန်ဆံထိုး ထိုးနိုင်ဖို့အတွက် သီလရေချိုးစင်ကြယ်ရမယ်၊ ဗဟုသုတဝတ်ကောင်းစားလှ ရှိလည်းရှိ၊ ဝတ်လည်း ဝတ်ဆင်တတ်ရမယ်၊ နောက်တစ်ခုက မျက်မှောက်လက်ငင်း ချက်ချင်းဆိုသလို စိတ်ချမ်းသာအောင် နေတတ်ရမယ်၊ နေနိုင်ရမယ်၊ အဲဒါဟာ ဆံထုံးကြီးကြီး ထုံးထားနိုင်တယ် ခေါ်တာပေါ့"

"ဘာပြဿနာ၊ ဘာအခက်အခဲပဲကြုံကြုံ သတိ၊ ဝီရိယ၊ သမာဓိရှိရင် ... စိတ်အေးနိုင်တယ်၊ ပြဿနာ အခက်အခဲကို ရှင်းသွားနိုင်တယ်၊ သတိ၊ ဝီရိယ၊ သမာဓိရှိရင် ဝိပဿနာဉာဏ်ဆိုတဲ့ စိန်ဆံထိုးက ထိုးလိုက်ဖို့ရာ လွယ်သွားတာပေါ့၊ ခဏကလေး အသာလေးထိုးစိုက်လိုက်ရုံပဲ"

"သြော်.. သဘောပေါက်ပါပြီဘုရား၊ အဲဒီလိုဆိုတော့ အမြဲတမ်းဝိပဿနာဉာဏ်ပေါ်နိုင်အောင် အမြဲတမ်း သတိ၊ ဝီရိယ၊ သမာဓိတွေရှိပြီး စိတ်ကြည်လင်အေးချမ်းမှုဖြစ်နေခဲ့ရင် စိန်ဆံထိုး ထိုးနိုင်ပြီပေါ့ဘုရား"

"ဒါပေါ့၊ ဝိပဿနာဉာဏ်ဖြစ်ရင် အမှန်အတိုင်းမြင်၊ အမှန်အတိုင်းသိလာပါတယ်၊ အမှားမြင်၊ အမှန်မသိတဲ့ ကိလေသာတွေ၊ အာသဝေါတရားတွေဟာ ဝေးကွာသည်ထက်ဝေးကွာပြီး နောက်ဆုံးအရိယာမဂ်ဉာဏ်ကျရောက်တာနဲ့တစ်ပြိုင်နက် ကိလေသာ၊ အာသဝတွေ ကင်းသွားကုန်သွားကြပါတယ်"

"သြော်. . ဒီလို သီလ၊ ဗဟုသုတ၊ ချက်ချင်းချမ်းသာအောင်နေတတ်တဲ့အဆင့်ဆင့်တွေ ပြည့်စုံရင်လည်း ကိလေသာအာသဝတွေကုန်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ရနိုင်တာပဲပေါ့၊ ဟုတ်တယ်မဟုတ်လားဘုရား"

"ဟုတ်တာပေါ့၊ အဲဒါကြောင့် မိမိအားရှိသလောက်လည်း လှေကားကို ခုန်တက်၊ ဒီလိုမှ မဟုတ်ရင်လည်း အချိန်မရွေး၊ နေရာမရွေး၊ အလုပ်မရွေး၊ အမှုအရာမရွေး တဖြည်းဖြည်း သီလ၊ ဗဟုသုတ၊ ဒိဋ္ဌဓမ္မသုခဝိဟာရဆိုတဲ့ ခြေလှမ်းတွေနဲ့ အလယ်မလပ်အောင်လည်း အမြဲလှမ်းနေကြရပါမယ်"

"သဘောပေါက်ပါပြီဘုရား၊ တပည့်တော်တို့အဖွဲ့တွေလည်း နိစ္စဓူဝသီလစင်ကြယ်အောင်၊ ဗဟုသုတပြည့်စုံအောင်၊ ပြဿနာတွေပေါ်တဲ့ ဒီလောကထဲမှာ စိတ်အေးချမ်းအောင် ကျင့်ကြံအားထုတ်ရင်း လောကက လွတ်မြောက်အောင် လောကထဲမှာနေရင်းပဲ ကြိုးစားသွားပါ့မယ်ဘုရား"

"အင်း ကောင်းပါတယ်၊ ကောင်းပါတယ်၊ အလှမ်းကျယ်ပြီး အလယ်မလပ်ဖို့က အရေးကြီးတာကိုး"

"မှန်လှပါဘုရား၊ ဂရုတစိုက်ထားပါတယ်ဘုရား"။ ။



ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့နေပျော်မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

ပညာပါရမီ

ပညာဖြင့်ချမ်းသာရ

"သင့်အရိပ်ကို ငါမခို၊ ငါဟာ ထီးဖြူရိပ်မှာ ရှိနေတာ။ သင်မမြင်သလော။ ထီးဖြူဟူသည်က မင်းရဲ့လက္ခဏာ၊ မင်းရဲ့သင်္ကေတ။ ငါဟာ ဗာရာဏသီမင်းကြီးရဲ့ ထီးဖြူရိပ်အောက်မှာနေတာဖြစ်တယ်။ သင့်အရိပ်ကို ခိုတာမဟုတ်"

"သြော် ဒီလိုလား။ ဒါပေမဲ့ အခုရပ်နေတာ ငါပိုင်မြေပေါ်မှာ ရပ်နေတာမဟုတ်လား"

"သင့်မြေပေါ်မှာ ရပ်နေတာမဟုတ်။ ခြေနင်းပေါ်မှာ ရပ်နေတာဖြစ်တယ်။ ဒီခြေနင်းဟာ ဗာရာဏသီပြည့်ရှင်မင်းကြီးရဲ့ ခြေနင်း။ ဤခြေနင်းချရာ အရပ်ကား မင်းရဲ့အရပ်သာဖြစ်တယ်။ ဒါကြောင့် သင်မပိုင်၊ သင်စားသုံးခွင့်မရှိ။ သင်စားလို့ရတာ ထမင်းခွက်သာဖြစ်တယ်"

အသပြာတစ်ထောင်ယူကာ ညောင်ပင်စောင့်ဘီလူးအား ထမင်းလာပို့ပေးတဲ့ သုတနုလုလင်ကို ဘီလူးက ရန်ပြုစားသောက်မည်ပြုစဉ် လုလင်က ရဲရဲတံ့ပြတ်သားစွာ ပြန်လည်ချေပပြောဆိုလိုက်တာဖြစ်တယ်။

ရှေးရှေးကာလများစွာတုန်းက ဖြစ်စဉ်ပါပဲ။ တစ်နေ့မှာ ဗာရာဏသီမင်းကြီးဟာ နောက်ပါမှူးမတ်အပြည့်အစုံနဲ့ တောကစားထွက်ရင်း သမင်လိုက်တယ်ပေါ့ကွယ်။

"ရွှေသမင်လက်ရဖမ်းဆီးဖို့ တာဝန်ချထားပေးတော်မူမယ်။ အကယ်၍ ကိုယ်စောင့်တဲ့တာက သမင်ထွက်ပြေးရင် ဒဏ်ပေးမယ်။ သမင်ကို အမိဖမ်းမယ်။ ငါဘုရင်ကိုယ်တိုင်လည်း တာတစ်ခုတာဝန်ယူမယ်" ရွှေသမင်ဖမ်းနိုင်ဖို့ မှူးမတ်ဗိုလ်ပါစစ်သည်တွေကို နေရာချထားပေးပြီး ရွှေသမင်ကို ဖမ်းဆီးလေရာ ရွှေသမင်ဟာ မင်းကြီးတာဘက်ကနေ ထွက်ပြေးလွတ်မြောက်သွားလေတယ်။

"ရွှေသမင် ဘယ်ကထွက် မင်းကြီးတာကထွက်"

မှူးမတ်ဗိုလ်ပါ စစ်သည်တို့ဟာ မင်းကြီးတာက ထွက်ခဲ့တဲ့ ရွှေသမင်အကြောင်း ပြန်ပြောင်းပြောဆိုကြရင်း လှောင်ပြောင်ကြရာ ကိုယ်ချမှတ်ခဲ့သည့် အမိန့်ဖြစ်တာကြောင့် အရှက်ရသွားတဲ့မင်းကြီးဟာ လေးနဲ့မြားကိုကိုင်ဆွဲကာထွက်ပြေးတဲ့သမင်နောက်ကို လိုက်တော့တာပေါ့ကွယ်။ ခရီးအတော်လှမ်းတဲ့ အရပ်မှာ သမင်ကို ပစ်ခတ်ဖမ်းဆီးရမိလို့ သမင်ကို သုံးပိုင်းပိုင်းကာ ထမ်းယူခဲ့တာပေါ့ကွယ်။

"သင် မပြေးလေနဲ့၊ ငါ့အစာဖြစ်ပြီ"

သမင်ကို အမိဖမ်းဖို့ သမင်နောက်ကိုလိုက်ရလို့ မောပန်းအားကြီးနေတဲ့ မင်းကြီးဟာ လမ်းဘေး တစ်နေရာ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးရဲ့ အောက်မှာ ဝင်ရောက်နားခိုမိလို့ ဘီလူးက မင်းကြီး လက်ကို ဖမ်းဆွဲလိုက်ရင်း ပြောလိုက်တာဖြစ်တယ်။

"သမင်သားကို စားပြီး ငါ့ကိုလွှတ်ပေးပါ။ တစ်နေ့ကို လူတစ်ယောက်ကျ ထမင်းပို့ စေလွှတ်ပေးမယ်"လို့ ကတိပေးလိုက်တဲ့အချိန်ကစလို့ ဘုရင်ရဲ့ကတိအတိုင်း စေလွှတ်ဖို့ မိန့်တဲ့အတွက် နေ့စဉ်ထမင်းနဲ့ လူတစ်ယောက် ပို့ပေးနေရတော့ သတဲ့။ နေ့စဉ်ဖြစ်လို့ အကျဉ်းကျရာဇဝတ်သားတွေ ကုန်တဲ့အချိန်မှာ အသပြာတစ်ထောင်ချီးမြှင့်ဖို့ ဖြစ်လာလို့ လှည့်လည်ကြေညာပေးတာပေါ့ကွယ်။

"ဘီလူးထံ ထမင်းပို့နိုင်သူဖြစ်ပါက အသပြာ တစ်ထောင်ယူစေလော့၊ ယူစေလော့"

ကြေညာသံကို ကြားလိုက်ရတဲ့ ဆင်းရဲသား သုတနုလုလင်ဟာ မိခင်အိုကြီးကို ဆင်းဆင်းရဲရဲ လုပ်ကျွေးနေရတာဖြစ်လို့ အသပြာတစ်ထောင်ကို ယူကာ မိခင်ကြီးထံပေးလိုက်တယ်။

"အသင်လုလင ဤအရပ်မှာ ညောင်ပင်ကြီး ရှိတယ်။ အဲဒီညောင်ပင်မှာ ဘီလူးစောင့်တယ်။ ဘီလူးကို ထမင်းပို့ဖို့ ငါကတိခံထားတယ်။ သင်ဆောင်ရွက်ပါလော့"

"ကောင်းပါပြီ မင်းကြီး။ ကျွန်တော်မျိုးအား သနားငဲ့ညှာသောအားဖြင့် ရွှေခြေနင်းချီးမြှင့်တော်မူပါ။"

"အလိုရှိရာယူလော့"

"နောက်ရှိပါသေးတယ်၊ ထီးဖြူနဲ့ သန်လျက်လည်း ချီးမြှင့်တော်မူပါအရှင်"

လုလင်လည်း အလိုရှိရာတွေကို တောင်းခံပြီး ဘီလူးထံထမင်းသွားပို့ရာ ဘီလူးက ထမင်းသာမက လူကိုပါ ရန်ပြုစားသောက်ရတော့မယ်လို့ တွေးနေတာပေါ့ကွယ်။

"ဒီထမင်းအပြင် သင်လည်း ငါ့အစာဖြစ်ပြီပေါ့"

"အလို ဘယ်အတွက်များ ဒီစကားဆိုဝံ့ပါသလဲ"

"ငါ့ညောင်ပင်အောက် ဝင်သူကို ငါစားခွင့်ရှိတယ်"

"သင့်အရိပ်ကို ငါမခို၊ ငါဟာ ထီးဖြူရိပ်မှာ ရှိနေတာ။ သင်မမြင်သလော။ ထီးဖြူဟူသည်က မင်းရဲ့လက္ခဏာ၊ သင်္ကေတ၊ ငါဟာ ဗာရာဏသီမင်းကြီးရဲ့ ထီးဖြူရိပ်အောက်မှာ နေတာဖြစ်တယ်။ သင့်အရိပ်ကို ခိုတာမဟုတ်"

"သြော် ဒီလိုလား။ ဒါပေမဲ့ အခုရပ်နေတာ ငါပိုင်မြေပေါ်မှာ ရပ်နေတာမဟုတ်လား"

"သင့်မြေပေါ်မှာ ရပ်နေတာမဟုတ်။ ခြေနင်းပေါ်မှာ ရပ်နေတာဖြစ်တယ်။ ဒီခြေနင်းဟာ ဗာရာဏသီပြည့်ရှင်မင်းကြီးရဲ့ ခြေနင်း။ ဤခြေနင်းချရာအရပ်ကား မင်းရဲ့အရပ်သာဖြစ်တယ်။ ဒါကြောင့် သင်မပိုင်၊ သင်စားသုံးခွင့်မရှိ၊ သင်စားလို့ရတာ ထမင်းခွက်သာဖြစ်တယ်"

ဘီလူးဟာ သုတနုလုလင်ရဲ့ ပညာဉာဏ်နဲ့ ယှဉ်တဲ့ပြောလိုက်တဲ့ စကားကြောင့် ဘီလူးကမစားတော့ကြောင်း ဝန်ခံတာပေါ့ကွယ်။

"မကောင်းမှုဆိုတာ ရှောင်ကြဉ်သင့်တယ်။ ကောင်းမှုကို တည်ဆောက်သင့်တယ်။ သူ့အသက်သတ်ခြင်းကြောင့် ဘဝအဆက်ဆက် အဖန်ဖန်အလီလီဆင်းရဲနိုင်တယ်။ မေတ္တာသည်သာ ချင်ခင်မြတ်နိုးအပ်တဲ့ တရားဖြစ်ပေတယ်"

"တစ်သက်လုံး ရှောင်ကြဉ်ပါတော့မယ်"

သုတနုလုလင်ဟာ ဘီလူးအားဟောပြောရင်း ငါးပါးသီလပေးရာ ဘီလူးလည်း တရားရပြီး သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်လေတော့တယ်။ လုလင်လည်း ဘေးကင်းစွာနဲ့ နန်းတော်သို့ ပြန်ရောက်လာလို့ မင်းကြီးက သဘောကျပြီး စစ်သူကြီးရာထူးပေးလိုက်သတဲ့။ ဒါကြောင့် ပညာရှိဟာ ပညာနဲ့သာ သုံးသပ်ဆင်ခြင်နိုင်တဲ့အတွက် အသက်ဘေးမှလွတ်မြောက်ကာ ချမ်းသာစစ်ကို ရရှိတော့တာပေါ့ကွယ်။ ။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၄)

ဦးမင်းဟန်(ဘီအေ)

“ပူစူးမရေ မောင်ထူးအတော်စိတ်ဆိုးနေတယ်။ သူနဲ့ စကားပြောရင် ကြည့်ပြောနော်”

“ဟုတ်လား ကိုဦးရဲ့။ ဘာတွေဖြစ်နေတာမို့ စိတ်ဆိုးနေရတာလဲ၊ မနေ့က ကျောင်းမှာ စကားများလာလို့လား၊ ဒါမှမဟုတ် အိမ်စာမပြီးလို့ ဆရာမဆူတာကို ရှက်သွားတာများလား”

“နင်တို့နှစ်ယောက်က ဘာဖြစ်နေကြတာလဲ။ ငါ့ကိုတွေ့တာနဲ့တင ဘာလို့ တီးတိုးတီးတိုးသဖန်းပိုးဖြစ်နေကြတာလဲ။ ပြောကြပါဦးဟ ပူစူးမရဲ့”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ တစ်ယောက်တစ်ခွန်း စကားလုပြောနေကြသည်ကို ဘိုးလေးကြွက်က အသာနားစွင့်နေလိုက်သည်။ စကားမစဘဲ ရေနွေးကြမ်းပူပူတစ်ခွက်ကို တဖြည်းဖြည်းမှုတ်သောက်လိုက်သည်။

“ဒီလိုပါ မောင်ထူးရာ။ မနေ့က ကျောင်းမှာ နင်ဘာတွေဖြစ်ခဲ့သေးလဲ သိချင်လို့”

“ပူစူးမရာ နင်ကတော့ စပ်ကိုစပ်စုလွန်းပါတယ်”

“မောင်ထူး၊ နင်တော့လား ဟင်း၊ ငါပြောတာကို ခဏဆုံးအောင် နားထောင်ဦး၊ ငါပြောပြီးမှ နင်ပြောလေ၊ ခုတော့ စကားကမဆုံးသေးဘူး ဖြတ်ဖြတ်ပြောနေလို့ ပြောရတာလည်း အာပေါက်နေပြီ”

“ဘာ၊ ဘာကိုနားထောင်ရမှာလဲ ပြောစမ်းပါဦး ပူစူးမရာ၊ နင်ကလည်း ငါ့ဆို ဆရာကြီးသိပ်လုပ်တာပဲ”

“ကဲ ခုပဲကြည့်တော့၊ ငါ့စကားက မဆုံးသေးဘူး။ နင်ပြောချင်တာကိုပဲ ပြောနေတော့တယ်။ နင်နဲ့တော့ ခက်ပါတယ်။ စကားကို ပြီးဆုံးအောင် နားထောင်ရပါတယ်ဆိုမှပဲ။ စကားကို အဆုံးအထိ နားထောင်ပြီးမှ နင်ပြောချင်တာကို ဆက်ပြောရမှာလေ။ ဘာဖြစ်လို့ လုပြောချင်နေရတာလဲ။ ကိုဦးပြောတာလည်း ဒါပဲဖြစ်မှာ။ ပြောလိုက်ရင်လည်း မကြိုက်ဘူး၊ ခက်ပါ့ဟာ”

ပူစူးမက ပြောပြောဆိုဆို မောင်ထူးအား မျက်စောင်းထိုးလိုက်သည်။ မောင်ထူးကတော့ မကျေမချမ်းဖြင့် လက်သီးဆုပ်ပြလိုက်သည်။ ဘိုးလေးကြွက်ကိုလည်း မသိမသာအကဲခတ်ရင်းကြည့်လိုက်သည်။

“မြေးတို့ ဘာတွေများ အငြင်းပွားနေကြတာလဲ”

“ဆုံလိုက်တာနဲ့ စကားလုပြောပြီး အငြင်းပွားနေရတော့တာပါပဲ ဘိုးလေးရာ”

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွယ်။ စကားပြောဆိုတဲ့အခါမှာတော့ တစ်ယောက်စကားဆုံးမှ နောက်တစ်ယောက်က ဆက်ပြောရတယ်။ စကားကို လုမပြောရဘူး။ မဆုံးသေးတဲ့စကားကို ကြားဖြတ်မပြောရဘူး ဆိုတာတွေလည်း ဘိုးလေးပြောပေါင်းများနေပါပြီ။ သူတစ်ပါးစကား ပြောနေရင် ပြီးအောင်ခဏစောင့်ပြီးမှ ပြန်ပြောတာဟာ ယဉ်ကျေးတဲ့ သူတွေရဲ့ အကျင့်ကောင်းတွေပေါ့ကွယ်”

“ဟုတ်ကဲ့ ဘိုးလေး။ မှတ်သားထားပါ့မယ်”

“ဒါဆိုရင် မောင်ထူးအကြောင်း ဆက်ပါဦး၊ ဘာများဖြစ်တာလဲလို့”

ပူစူးမက ကိုဦးဘက်သို့လှည့်ကာ စကားလမ်းကြောင်းပေးလိုက်သည်။

“မောင်ထူးအကြောင်းလား ဘာဖြစ်လို့လဲကွယ့်”

“တကယ်တော့ ဘာမှဖြစ်လောက်တာ မဟုတ်ပါဘူး ဘိုးလေးရာ၊ နောက်ဆိုဆင်ခြင်လိုက်ရင် အဆင်ပြေသွားမှာပါ”

“ဒီလိုမှပေါ့ကွယ့်။ အခန့်မသင့်တဲ့အခါ ခိုက်ရန်ဖြစ်တတ်တာပဲလေ။ စကားများတတ်တာပဲလေ။ သည်းခံခွင့်လွှတ်လိုက်ရင် ရန်အေးတာပေါ့ကွယ်”

“ဟုတ်ကဲ့ ဘိုးလေး။ မြေးက နောက်ဆိုသတိထားဆင်ခြင်ပါ့မယ်”

“ပြောတာပါပဲ ဘိုးလေးရာ။ ပြောလိုက်ရင်တော့ ဆင်ခြင်ပါ့မယ် ဆိုတာချည်းပဲ။ နောက်တော့သာ စကားပြောရင်သာ။ ကျောင်းမှာလည်း အဲဒါကြောင့် ဆရာမက ပြောတာ။ စကားကိုဘယ်တော့မှ ဆုံးအောင် နားမစွင့်ဘူးတဲ့။ နားစွန်နားဖျားနဲ့ မှတ်ချင်တာမှတ်ပြီး ပြောချင်တာ ပြောတော့တာပဲတဲ့။ သမီးကို ဆရာမက မှာလိုက်တယ်။ မောင်ထူးကို သေချာရှင်းပြပြောပြလိုက်ပါဦးတဲ့၊ အဲဒါလည်း ပြောချင်တာ။ စကားကို စနေရတာနဲ့တင လိုရင်းမရောက်ဘူးဖြစ်နေတာ။ မောင်ထူးက ကြားဖြတ်ပြီး ဝင်ပြောနေလို့ စကားကမဆုံးနိုင်ဖြစ်နေရတာ ဘိုးလေးရေ၊ ပြောရတာ လက်ဝင်တယ်။ မနေ့ကလည်း ကျောင်းဆင်းချိန် ဘောလုံးကန်ရင်း စကားများရန်ဖြစ်တယ်တဲ့”

“ဩော်… ဒီလိုလား။ ကျောင်းမှာတော့ တတ်နိုင်သမျှ ရန်မဖြစ်တာ၊ စကားမများတာ အကောင်းဆုံးပဲ။ ကျောင်းစည်းကမ်းကို လိုက်နာရမယ်၊ အခါအားလျော်စွာ ကျောင်းကထုတ်ပြန်တဲ့ စည်းကမ်းတွေဆိုရင် တစ်သဝေမတိမ်းလိုက်နာရမယ်”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့အားလုံး လိုက်နာပါ့မယ်”

“ခဏနော် ဘိုးလေး၊ မြေးတို့ အားလုံးလို့သာပြောရတာ မောင်ထူးနဲ့က စက်ကွင်းမလွတ်ချင်ဘူးရယ်။ ပါးစပ်ကသာ လိုက်နာပါ့မယ်ပြောတာ၊ လက်တွေ့မှာတော့ သိတဲ့အတိုင်းပဲ။ သူ့ပြဿနာပဲလိုက်ရှင်းနေရတယ် ဘိုးလေးရေ။ ခုလည်းကြည့်လိုက်ပါဦး၊ မောင်ထူးရဲ့ပုံစံကိုက ထောင့်မကျိုးသေးဘူးနော် ဘိုးလေး၊ ဒီလောက်ပြောဆိုနေတာတောင် မျက်နှာက ပြောင်စပ်စပ်နဲ့ ဂနာကိုမငြိမ်ဘူး”

ပူစူးမက မကျေမချမ်းဖြင့် ဘိုးလေးကြွက်ထံသို့ တိုင်ပြောသည့်သဘောပြောလိုက်ရာ၊ စကားအဆုံးမှာ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း အသံတိတ်နေရာမှ စကားဆက်သည်။

“မြေးတို့အားလုံးက ယဉ်ကျေးမှုရှိပြီးသားတွေပါ။ ကျောင်းမှာရော၊ အိမ်မှာရော၊ အရပ်ထဲမှာရော ပြောဆိုဆက်ဆံတဲ့အခါပဲဖြစ်ဖြစ်၊ လူမှုပေါင်းသင်းဆက်ဆံတဲ့အခါမှာပဲဖြစ်ဖြစ် အခြေအနေကို ထိန်းကျောင်းပြောဆိုတတ်ရမယ်။ မင်္ဂလာတရားနဲ့အညီ ဆင်ခြင်ပြောဆိုနိုင်ကြရမယ်နော်”

“ဟုတ်ကဲ့ပါ ဘိုးလေး။ မြေးတို့ကတော့ အမြဲတမ်းလိုက်နာပါတယ်”

“မြေးတို့က လိုက်နာပါတယ်ဆိုတော့ ငါက မလိုက်နာဘူးဆိုတဲ့သဘောဖြစ်ရောပေ့ါ။ ပူစူးမနော် နင်တော့၊ နင်တော့ နင်၊ ဟင်းဟင်း”

“အဲဒါသာကြည့်တော့ ဘိုးလေးရေ။ မြေးပြောတဲ့စကားလည်း မဆုံးသေးဘဲနဲ့ ဖြတ်ပြောပြန်ပြီ၊ အဲဒီလိုလေး ဒေါသထွက်လိုက်ရမှ မောင်ထူး ပီသတယ်ဆိုပါတော့၊ ဘိုးလေးရယ်”

ဘိုးလေးကြွက်က ပူစူးမပြောနေသည့်စကားကို လက်ပြတားလိုက်ပြီး ဖြည်းဖြည်းချင်းဆက်ပြောသည်။

“မြေးတို့တွေ အမြဲတမ်းမှတ်ထားရမှာက တစ်ယောက်ပြောစကားကို ပြီးဆုံးအောင်နားထောင်ပြီးမှ နောက်တစ်ယောက်က ဆက်စရာရှိရင် ဆက်ပြောရမယ်။ မြေးတို့ကို အခွင့်အခါကြုံတိုင်း ဘိုးလေးပြောနေမှာပါပဲ။ နောက်ပြီး သူတစ်ပါးစကားပြောနေရင် ကြားဖြတ်မပြောရဘူး။ ပြောနေတဲ့သူရဲ့စကားကို ဆုံးအောင်စောင့်ပေးရမယ်။ နောက်တစ်ခုရှိသေးတယ်။ ဒါကအရေးကြီးတယ်၊ မှတ်ထားကြဦး။ ဒေါသထွက်နေတဲ့သူတစ်ဦးဦးနဲ့လည်း အပြန်အလှန်စကားပြောတာမျိုးကို ရှောင်ရမယ်။ တစ်ယူသန်တဲ့လူနဲ့လည်း ယှဉ်မပြောနဲ့။ မလွှဲသာလို့ ပြောရတယ်ဆိုရင်လည်း ဖြည်းညင်းချိုသာစွာနဲ့ သတိလေးကပ်ပြီး ပြောရမယ်နော်”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့အားလုံး မှတ်သားထားပါ့မယ်”

“သာဓုပါကွယ် သာဓု သာဓု”။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ

**ကိလေသာကင်းဝေးရမယ်**

**ဝိရဇံ။**

“ကိလေသာမြူကင်း၍ သန့်ရှင်းစင်ကြယ်ခြင်း၊ ကိလေသာဟူသော မြူမှုန်ကင်းဝေးရမယ်”လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ ဒသမမြောက်ကဗျာဖြစ်တဲ့ “စိတ်ဓာတ်ကြံ့ခိုင်ရေး မင်္ဂလာလေးပါး” ထဲက နံပါတ်သုံး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက် ဘဝတစ်သက်တာမှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုးရှေးအခါတုန်းက။

“ချစ်သား အဘယ်သို့သော စိတ်ဆင်းရဲကြောင့် အခုလို ငိုကြွေးနေရပါသလဲ”

“အကျွန်ုပ်မှာ ရွှေရထားတစ်စင်းရှိတယ်။ အဲဒီရထားမှာ တပ်ဆင်ဖို့ လိုနေတဲ့ ဘီးနှစ်ဘီးအတွက် နေနဲ့လနှစ်ခုကို မရလို့ ငိုကြွေးနေရတာပါ”

ပုဏ္ဏားကြီးရဲ့အမေးစကားကို ဘုရားလောင်းလျာက ဖြစ်ကြောင်းကုန်စင် ပြန်လည်ပြောဆိုလိုက်တာဖြစ်တယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးလက်ထက်အချိန်က ဖြစ်စဉ်ပေါ့ကွယ်။ ဗြဟ္မဒတ်မင်းကြီးရဲ့လက်ထက်မှာ ဗုဒ္ဓဘုရားလောင်းလျာဟာ ပုဏ္ဏား




မျိုးရိုးမှာ ဖြစ်တည်တယ်ကွယ့်။ ဘုရားလောင်းလျာ အရွယ်ရောက်လာတဲ့အခါ ရောဂါဖြစ်ပွားလို့ သေဆုံးသွားရာ တာဝတိံသာမှာ နတ်သားအဖြစ်စုတေသတဲ့။

“သားတော်ရယ် အရွယ်ကောင်းတုန်းမှာမှ ပြန်လမ်းမရှိတဲ့လမ်းကိုမှ လျှောက်လှမ်းရသတဲ့လားကွယ်။ ဖခမည်းတော် နှလုံးကြွေပျက်ကာ ယူကျုံးမရဖြစ်ရချေတယ်”

ပုဏ္ဏားကြီးဟာ သားအတွက် ပူဆွေးငိုကြွေးကာ သုသာန်ကို အမြဲသွားရောက်ငိုကြွေးလို့ ဖြေမဆည်နိုင်အောင် ဖြစ်နေရတာပေါ့ကွယ်။ ဒီအဖြစ်ကို တွေ့ရတဲ့ ဘုရားလောင်းလျာက ဖခင်ပုဏ္ဏားကြီးရဲ့ ရင်ထဲမှာ တောက်လောင်နေတဲ့ သောကကိလေသာမီးကို ပယ်ဖျက်ဖို့ရာ သားငယ်အသွင်ဖန်ဆင်းပြီး သုသာန်ကို ရောက်နေတဲ့ဖခင်ကြီးနဲ့ မနီးမဝေးနေရာမှာ သည်းထန်စွာ ငိုကြွေးသရုပ်ပြနေလေရဲ့။

“ချစ်သား အဘယ်သို့သော စိတ်ဆင်းရဲကြောင့် ယခုလို ငိုကြွေးနေရပါသလဲ”

“အကျွန်ုပ်မှာ ရွှေရထားတစ်စင်းရှိတယ်။ အဲဒီရထားမှာတပ်ဆင်ဖို့ လိုနေတဲ့ ဘီးနှစ်ဘီးအတွက် နေနဲ့လနှစ်ခုကို မရလို့ ငိုကြွေးနေရတာပါ”

“နေနဲ့လတို့ကို မရနိုင်မှန်း သိသိလျက်နဲ့ ငိုကြွေးခြင်းဟာ အလွန်မိုက်မဲတာပဲ ချစ်သား”

“အကျွန်ုပ်ဟာ မျက်စိနဲ့မြင်တွေ့ရတဲ့ နေနဲ့လကို ရထားဘီးအဖြစ် အသုံးပြုနိုင်ပါက အလွန်လှပတင့်တယ်မှာဖြစ်ပြီး ကောင်းကင်ထက်သို့ပင် တက်မည်ဆိုက တက်ရောက်နိုင်မှာပါ။ ဒါကြောင့် နေနဲ့လတို့ကို လိုချင်တပ်မက်ရတာဖြစ်တယ်။ အသင်ကရော သုသာန်သို့လာပြီး ငိုကြွေးနေခြင်းက ဘယ်အတွက်ကြောင့်ပါလဲ”

“ငါ့ရဲ့ ချစ်လှစွာသော သားငယ်ဟာ မကြာခင်ကမှ ကွယ်လွန်ခဲ့တယ်။ ငါဟာ သားအပေါ် ချစ်ခင်စွဲလမ်းပြီး နှမြောတသဖြစ်ကာ မဖြေဖျောက်နိုင်လို့ ငါငိုကြွေးတာပေါ့ကွယ်”

ပုဏ္ဏားကြီးရဲ့ ပြောစကားကို ဘုရားလောင်းလျာက ညင်သာစွာ ပြန်လည်ပြောလိုက်လေတယ်။

“ပုဏ္ဏားကြီး အကျွန်ုပ်ဟာ မြင်နိုင်စွမ်းတဲ့ နေနဲ့လတို့ကို လိုချင်တပ်မက်၊ တမ်းတလို့ ငိုကြွေးတာဖြစ်တယ်။ အသင်က အကောင်အထည် မမြင်ရတော့ပြီဖြစ်တဲ့သားကို စွဲလမ်းတပ်မက်စိတ်နဲ့ ငိုကြွေးခြင်းပေပဲ။ ဒီလိုငိုကြွေးခြင်းနှစ်ခုမှာ ဘယ်သူက ပိုမိုက်မဲတယ်လို့ ထင်သလဲ”

“ဒီလို ဆင်ခြင်ကြည့်လိုက်ရင်တော့ ငါ့ရဲ့စွဲလမ်းမှုရမ္မက်က ပိုပြီးမိုက်မဲရာရောက်ပါတယ်”

ပုဏ္ဏားကြီးက ဝန်ခံစကားဆိုလိုက်တော့မှ ဘုရားလောင်းလျာက ပုဏ္ဏားကြီးအား ဖြစ်ကြောင်းကုန်စင်ကို ခင်းကျင်းပြောဆိုလေတော့သည်။

“ဖခင် အကျွန်ုပ်ဟာ ဖခင်ပုဏ္ဏားကြီးရဲ့ သားငယ်ဖြစ်ပါတယ်။ ကွယ်လွန်သွားပြီးနောက် တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်နေရပါတယ်။ မမြင်ရတော့တဲ့အရာကို စွဲလမ်းတပ်မက်မှုကြောင့် ပူပင်သောကရမ္မက်ကို မဖြစ်ပါစေနဲ့တော့။ တရားသဘောကို ရှုပြီး မမြဲတဲ့ အနိစ္စတရားကို မှတ်ပေလော့”

ပုဏ္ဏားကြီးကိုဘုရားလောင်းလျာက တရားပြတော်မူကာ နတ်ပြည်သို့ပြန်သွားလေတော့သတဲ့။

ဝိရဇံ။

“ကိလေသာမြူကင်း၍ သန့်ရှင်းစင်ကြယ်ခြင်း၊ ကိလေသာဟူသော မြူမှုန်ကင်းဝေးရမယ်” လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာ ၅၅၀ ဇာတ်တော်လာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် “စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ” နည်းနာတွေပေါ့ကွယ်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၆၃၄ ဆူ | ၈၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၆ | ၂ | ၄ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၇ ခန်း | ၃၇၈ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၀ ခု | ၅၁၂ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၈၀ ကျင်း | ၂၀၃၉. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၂၉ ကျင်း | ၅၈၈၁. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၈ ကျင်း | ၁၄၀၈. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၈၆ စုံ | ၄၁၄ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်းကိစ္စ

ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးချန်ထွန်း၏သားမှတ်ပုံတင်အမှတ်(MGDN-၀၁၆၉၃၈)[၁/မညန(နိုင်)၀၈၇၁၇၁]ကိုင်ဆောင်သူ ဦးထွန်းထွန်းဦးမှ ဦးဘုန်းပြည့်စုံ(ဘ) ဦးမောင်မောင်ဝင်း[၁၂/ပဇတ(နိုင်) ၀၃၂၀၄၅]ထံသို့ရယူထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၉၈/၂၀၂၂)အား(၂၂-၂-၂၀၂၃)ရက်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးထွန်းထွန်းဦး**
**(MGDN-၀၁၆၉၃၈)[၁/မညန(နိုင်) ၀၈၇၁၇၁]**
**အမှတ်(၁၄၅၆)၊ ဗိုလ်သုန်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဆက်သွယ်ရန်-ဖုန်း-၀၉ ၄၃၁၃၅၇၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆)လမ်း၊ အမှတ် (၁၄၇)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အဦ၏ (တတိယထပ်)(၄ လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဒေါ်မှူးမျက်သွယ် [၁၄/ပသန(နိုင်)၂၅၂၀၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သောဦးလင်းထိုက်[၁/မကတ(နိုင်)၀၈၄၃၇၇]၊ ဒေါ်သူဇာကျော်[၇/သကန(နိုင်)၀၀၁၄၅၀] တို့ကအပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလင်းထိုက် ၊ ဒေါ်သူဇာကျော် တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421157856,09-798458627**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က-၆)လမ်း၊ အမှတ်(၃၄၄)၊ (၂)ခန်းတွဲRC(၆)ထပ်အဆောက်အဦ၏ (ပဉ္စမထပ်)၊ (၆-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင်(လက်ယာဘက်အခန်း)၊ဧရိယာ (၉၁၈) စတုရန်းပေရှိတိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သောဦးအုန်းခိုင်(ခ)ယန်ယုံမိုး [၁၃/တကန(နိုင်)၁၄၂၅၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရဲနိုင်သူ [၁၂/သဃက(နိုင်)၁၆၁၇၄၅]၊ ဒေါ်သိမ့်စန္ဒာအောင် [၁၂/အစန(နိုင်)၂၂၈၄၂၂]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးရဲနိုင်သူ၊ ဒေါ်သိမ့်စန္ဒာအောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WiPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09 421157856,09-798458627**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၆/ရွှေနံ့သာအရှေ့ရပ်)၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ-၁၇၇၈)၊ ဒေါ်နွယ်နွယ်ဝေ(ဘ) ဦးစိန်ကျော်ရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဆွေဆွေရီ[၉/မရတ(နိုင်)၀၉၈၈၄၈](ဘ) ဦးညွန့်ဆွေမှ နေပြည်တော်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၁၃/၂၀၂၃(၁၃-၂-၂၀၂၃)တင်ပြ၍ ဦးစိုးနိုင်[၉/မရမ(နိုင်)၀၂၅၀၈၃](ဘ) ဦးရွှေ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ပညာမြင့်မှ**
**လူမျိုးတင့်မည်**

**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃(ရန်ပြေ)၊ မြေကွက်အမှတ်-၁၇၇၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ) ဧရိယာ(၁၂၀၀ စ/ပေ)၊ နှစ်(၆၀)ဂရန်မြေကွက်၊ မြေကွက်လိပ်စာအမှတ်(၁၇၇)၊ အာဇာနည်လမ်း၊ ၃/ရန်ပြေ၊ သာကေတမြို့နယ်ရှိ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်မြင့်မြင့်ကြူ[၁၂/ဥကမ(နိုင်)၁၀၈၉၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွန့်(LL.B)** | **ဦးနိုင်ထွဋ်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**အိမ်၊ ခြံမြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း-ရောင်း၊ ဝယ်၊ ငှား၊ စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ လူနေရပ်ကွက်အမှတ်-၁၂၊ မာဃလမ်း၊ မြေကွက်အမှတ်-၅၀၄၊ အကျယ်အဝန်းဧရိယာ(၄၁½ပေx၆၀ပေ)ရှိ ဦးဝေလင်း[၁၄/ငပတ(နိုင်)၁၆၅၇၃၈]၊ ဒေါ်နှင်းပုလဲ[၁၄/ငပတ(နိုင်)၁၆၇၇၀၁]တို့အမည်ပေါက် မြေငှားစာချုပ် မူရင်းရှိသည့်မြေကွက်နှင့် မြေပေါ်ရှိ (၃)ထပ်နေအိမ်ကို လက်ရှိပိုင်ရှင်ဖြစ်ကြသူ ဦးဝေလင်းနှင့် ဒေါ်နှင်းပုလဲတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများ ဦးထွန်းစိုး[၁၂/ကမရ(နိုင်)၀၃၇၂၁၂]နှင့် ဒေါ်သီတာလှိုင်[၁၂/ကမရ(နိုင်)၀၂၀၁၂၄]တို့က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်မူရင်းများပြသ၍ ဤကြေညာခြင်းပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံတင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လျှင် အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်များအရ-** | |
| **ဦးထွန်းစိုး** | **ဒေါ်အေမီသက်(LL.B)** | **ဦးကျော်ဆန်းနိုင်** |
| **ဒေါ်သီတာလှိုင်** | **အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၆)** | **B.A(Law) LL.B, D.B.L, D.M.L, M.A(Business Law)** |
| | | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၉)** |

**တိုက်(၉/၁၁)၊ အခန်းအမှတ်-၀၀၄၊ မြေညီ၊ ၃၆(အောက်)လမ်း၊ ကျောက်တံတားမြို့နယ်။**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ စာတိုက်လမ်း၊ မြေကွက်အမှတ်(ခ/၂၇)၊ ဦးအောင်ကြိုင်+ဒေါ်တင်ရွှေ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအမှတ်(၂၇)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦ၏ ၅-လွှာ(ခြေရင်းခန်း)၊ (အလျား ၁၁ပေ x အနံ ၄၅ပေ)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးနိုင်[၉/မခန(နိုင်) ၀၈၆၆၈၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးတင်ထွန်းဦး[၁၂/ဒပန(နိုင်)၀၁၇၀၁၉]က(၅-၃-၂၀၁၇)ရက်နေ့တွင်ဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ထွန်းဦး၏သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အငှားချထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာစီမံခန့်ခွဲခြင်း စသည်တို့ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ကျွန်ုပ်တို့၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးတင်ထွန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်တင်လှ LL.B,LL.M(Civil Law)** | **ဒေါ်မြင့်မြင့်ခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၉၀)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၄၁၅)** |

**အမှတ်-၈၉၆၊ ၅-လွှာ၊ ရန်ပြေ(၃)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၂၅၅၉၄၀၈၀၂၊ ၀၉-၂၅၄၄၁၃၃၅၀**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၇၆၅/က)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/L)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၂)လမ်း၊ အမှတ်(၁၇၆၅/က)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထား ရောင်းချခွင့်ရှိသူ ဒေါ်တင်တင်လှ [၁၂/စခန(နိုင်) ၀၀၁၁၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်ဝင်းဦး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၇)**
**အမှတ်(C-2A)၊ အခန်းအမှတ်(၁၁၀)၊ Botahtaung Time Square**
**အိမ်ရာ၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၂)လမ်း၊ အမှတ်(၆၅)နေ ဦးရှိန်ကြည်[၁၂/ဥကတ(နိုင်)၀၉၁၀၈၁]၊ ဒေါ်မြင့်မြင့်လှိုင်[၁၂/ဥကတ(နိုင်)၀၇၆၂၀၈]တို့၏ သားဖြစ်သူ ဦးလှိုင်မင်းထွန်း[၁၂/ဥကတ(နိုင်)၁၅၃၄၆၂]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် မိဘများစိတ်ဆင်းရဲ သောကရောက်စေရန်ပြုလုပ်ဆောင်ရွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ဦးလှိုင်မင်းထွန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄**

## (၂၀-၁၂-၂၀၂၂) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဒေါ်တိုးထက်ထက်နှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဒေါ်သက်ယုဆွေတို့က ကြော်ငြာခဲ့သော အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း(အောက်)၊ (၇)ရပ်ကွက်၊ ပထမထပ်၊ အမှတ်(၁၇)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်မြင့် [၁၂/ဗတထ(နိုင်)၀၃၂၁၆၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(၂၀-၁၂-၂၀၂၂) နေ့စွဲပါ ဒေါ်တိုးထက်ထက်၏ ကြေညာချက်အရ မော်တော်ယာဉ်အမှတ်-2R/2769,2018-2019 Model, မော်တော်ယာဉ်အမျိုးအစား- Suzuki Ciaz (Black)သည် ၎င်းတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မော်တော်ကားမဟုတ်ကြောင်း ကန့်ကွက် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်မြင့်နှင့် ဒေါ်တိုးထက်ထက်တို့သည် (၁၅-၁-၂၀၁၅) ရက်နေ့တွင် လက်ထပ်ခဲ့ပြီးနောက် (၁၀-၁၁-၂၀၂၂) ရက်နေ့တွင်နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ နှစ်ဦးပေါင်းသင်းနေစဉ် Suzuki KL Seven Auto Services Co.,Ltd ထံမှ အထက်ပါ မော်တော်ကားကို AYA Bank မှ တစ်ဆင့် အရစ်ကျဖြင့် ဒေါ်တိုးထက်ထက် အမည်ခံ၍ ပထမအရစ် ၂၀ %ကို လင်မယားနှစ်ဦးပိုင်ငွေဖြင့် ပေးချေဝယ်ယူခဲ့ပြီး နောက်ပိုင်းတွင် ကျန်ငွေများကို ဦးကျော်ကျော်မြင့်၏ လစာများထဲမှ လစဉ်အရစ်ကျ ပေးသွင်းခဲ့ပါသည်။ ထိုသို့ ပေးသွင်းနေဆဲကာလအတွင်း နှစ်ဦးသဘောတူကွာရှင်းခဲ့၍ ဘဏ်သို့ငွေများ ဆက်လက်ပေးသွင်းရန် ကျန်ရှိနေပါသည်။ အဆိုပါ အရစ်ကျဝယ်ယူခဲ့သည့် မော်တော်ကားသည် လင်မယားနှစ်ဦး ပေါင်းသင်းခဲ့စဉ်က ရှာဖွေရရှိသည့် လက်ထပ်ပွားပစ္စည်းသာဖြစ်၍ နှစ်ဦးပိုင်ပစ္စည်းဖြစ်ပါသည်။

